# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၈)


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားတက်ရောက်




လွိုင်ကော် ဇန်နဝါရီ ၁၅

၂၀၂၆ ခုနှစ် (၇၄) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ကယားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးညဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မင်းလတ်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် ပိုးရယ်အောင်သိန်းတို့က စာမျက်နှာ ၃ ကော်လံ ၁

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ ဖော်ပြပါရှိ

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ စက်မှုပုံဆွဲနည်းပညာ၊ စက်ပစ္စည်းခုတ်စားမှုနည်းပညာ(၂) နှင့် ဂဟေဆက်နည်းပညာ(၂) ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၈) နှင့် (၁၉) တို့တွင် ဖော်ပြထားပါသည်။


**ယနေ့ ဖတ်စရာ**

ကျူးလွန်သူတွေက နစ်နာပြ ယုံလွယ်သူတွေက ငိုချင်းချနေပေမယ့် တကယ့်အမှန်တရားက ပျောက်ပျက်သွားမှာမဟုတ်ပါ ထွက်ပေါ်လာမယ်လို့ ယုံကြည်ထားလိုက်ပါ — ဆောင်းပါး စာ ၆

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ — ပြည်တွင်းသတင်း စာ ၇





❑ ရှေ့ဖုံးမှ

(၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်မှန်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ကယားပြည်နယ်နေ့ အထိမ်းအမှတ်မှန်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာ အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခမ်းအနားကို ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ရောက်ရှိနေရာယူပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၄) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးက (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် အမှုဆောင်ချုပ်က ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်)နှင့် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်)ရရှိကြသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ စီးပွားရေးဆိုင်ရာထူးချွန်ဆုရရှိကြသူများ၊



သင်တန်းထူးချွန်ဆုရရှိကြသူများ၊ (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ကြပြီး ဆုရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် အမှုဆောင်ချုပ်နှင့်အဖွဲ့ဝင်များသည် ကန္တာဟောဝန်ပန်းခြံ၌ ကျင်းပသည့် (၇၄) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ကျင်းပသည့် ကယားရိုးရာနှင့် ကယန်းရိုးရာ နပန်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ မူကြိုကလေးများ၏ အပြေးပြိုင်ပွဲ၊ ဘောလုံးကောက်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲနှင့် ရိုးရာစပါးထောင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ဒေသခံပြည်သူများနှင့်အတူ ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာန ပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။(အပေါ်ပုံ)

မွန်းလွဲပိုင်းတွင် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် လောဓမ္မ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ဒွေးမယ်နော်ဆောင် RCC နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးညဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မင်းလတ်နှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှုဆောင်ချုပ်က RCC နှစ်ထပ်ကျောင်းဆောင်သစ် ဒွေးမယ်နော်ဆောင်အား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အမှုဆောင်ချုပ်နှင့် အဖွဲ့သည် လွိုင်ကော်တက္ကသိုလ်သို့ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်က အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဘွဲ့ကြိုတန်းနှင့် ဘွဲ့လွန်တန်းများ သင်ကြားသွားမည့်အခြေအနေ၊ အဝေးသင် သင်တန်းများကို ဘာသာရပ်အလိုက် သတ်မှတ်ရက်များတွင် အနီးကပ်သင်တန်းများ သင်ကြားသွားမည့်အခြေအနေ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သော အရည်အသွေးအာမခံချက်ရှိသော တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှုဆောင်ချုပ်က လွိုင်ကော်တက္ကသိုလ် (၁၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားဖြစ်မြောက်ရေးအတွက် ရန်ပုံငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လွိုင်ကော်တက္ကသိုလ်ကို ယခင်ကလို ကျောင်းသား ကျောင်းသူများဖြင့် စည်စည်ကားကားဖြစ်လာအောင် ထပ်မံဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် တက္ကသိုလ်တွင် ပညာသင်ကြားနေကြသည့် ဒေသခံကျောင်းသား ကျောင်းသူများကို ပညာတတ်များ ဖြစ်လာအောင် သင်ကြားပေးသည့်အတွက် အသိအမှတ်ပြုပါကြောင်းပြောကြားကာ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် ဆုတောင်းပြည့်မြို့နာမ်စေတီတော်အား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ အလှူငွေများ လှူဒါန်းကြသည်။

**ဂုဏ်ပြုညစာစားပွဲ တက်ရောက်**

ညပိုင်းတွင် ပြည်နယ်ခန်းမ၌ ကျင်းပသော (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ညစာအတူတကွသုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ် ကယားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ရိုးရာအကအလှများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ကယားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် POLYTECHNIC UNIVERSITY (MAUBIN) မောင်မယ်သစ်လွင်ကြိုဆို



**မအူပင် ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ POLYTECHNIC UNIVERSITY (MAUBIN) ၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက်က အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။(ဝဲပုံ)

ဦးစွာ ကျောင်းသား ကျောင်းသူလေးများက POLYTECHNIC UNIVERSITY (MAUBIN) သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုရဲ့ ထာဝရအလှ သီချင်း၊ တေးသရုပ်ဖော်အကအလှများ၊ ရွေးချယ်ထားသော အလှမောင်မယ်များက အလှပြခြင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အဆိုပါ မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ POLYTECHNIC UNIVERSITY (MAUBIN)မှ ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာသန္တာသိန်းနှင့် ဒုတိယပါမောက္ခချုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဌာနအသီးသီးမှ ပါမောက္ခ (ဌာနမှူး) နှင့် ပါမောက္ခများ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁၅**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူ ပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ကျင်းပသည့် ၂၀၂၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့တက်ရောက်





နေပြည်တော် ဇန်နဝါရီ ၁၅

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် နာဂရိုးရာနှစ်သစ်ကူး ပွဲတော်တက်ရောက်ရန်အတွက် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် လေရှီးမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ နာဂတိုင်းရင်းသားမျိုးနွယ်စုများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ခရီးဦး ကြိုဆိုနှုတ်ဆက်ကြသည်။

**နှစ်သစ်ကူးပွဲတော် တက်ရောက်**

ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ တာဝန်ရှိသူများနှင့်အတူ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပပြုလုပ်သော ၂၀၂၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။

**အဓိကသော့ချက်ဖြစ်**

အစီအစဉ်အရ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မိမိတို့နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် စုစည်းတည်ဆောက်ထားသော ပြည်ထောင်စုကြီးဖြစ်ပါကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် နာဂတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် သမိုင်းဝင်အစဉ်အလာများသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာအစိတ်အပိုင်းတစ်ခု ဖြစ်ပါကြောင်း၊ နာဂတိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံများ၊ ခမ်းနားသော ဦးခေါင်းအဆင်တန်ဆာများ၊ ရိုးရာအကများ အားလုံးတို့သည်လည်း ပြည်ထောင်စုကြီးကို ပိုမိုပြည့်စုံစေပါကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခိုင်မာအောင် တည်ဆောက်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရန်အတွက် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းရေးကို လိုလားမှုနှင့် ပူးပေါင်းပါဝင်မှုတို့သည် အဓိကသော့ချက်ဖြစ်ပါကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

နာဂဒေသသည် တည်ငြိမ်အေးချမ်းသည့်ဒေသဖြစ်သည့်အတွက် ကဏ္ဍအလိုက် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်း ၅၃ ခု၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်း ၂၀၈ ခုတို့ကို နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ နာဂဒေသ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားထုတ်ကုန်လုပ်ငန်းများတွင် ရင်းနှီးလုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်ငါးဘီလီယံကိုလည်း အရင်းအနှီးမတည်ပေးနိုင်ခဲ့ပါကြောင်း၊ နာဂဒေသတည်ငြိမ်အေးချမ်းမှုရှိနေခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ထို့ကြောင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးပြီး နာဂဒေသရှိ ပြည်သူများက အဆိုပါတည်ငြိမ်အေးချမ်းမှုမပျက်ယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရအနေဖြင့် အရှည်ပေ ၂၆၂၈ ပေရှိ သံကူကွန်ကရစ်အမျိုးအစား ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) အား ဆောက်လုပ် ပေးနိုင်ခဲ့သည့်အတွက် ဟုမ္မလင်းခရိုင်၊ ခန္တီးခရိုင်တို့နှင့် နာဂဒေသတို့၏ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာသည့်အတွက် ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာပြီး ဒေသခံပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလာတော့မည် ဖြစ်ကြောင်း။

**ဒေသတွင်းစီးပွားရေး ပိုမိုခိုင်မာလာမည်**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဒေသ၏ ရေမြေသဘာဝနှင့်ကိုက်ညီသည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ဒေသခံတောင်သူများ အနေဖြင့်လည်း ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ စိုက်နည်းစနစ်များ ရွေးချယ်ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ ဒေသတွင်း ဝမ်းစာဖူလုံရေးအတွက် သီးနှံစိုက်စွမ်းအားတိုးမြှင့်စေရန် လယ်ယာပေါ်တွင် သီးထပ်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ နာဂဒေသအနေဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်မှသည် ခေတ်မီလှေကားထစ် လယ်ယာစနစ်သို့ ပြောင်းလဲဖော်ဆောင်ရန် လိုအပ်လျက်ရှိသည့်အပြင် ရေမြေသဘာဝနှင့် ကိုက်ညီသည့် ဝဥ၊ လက်ဖက်၊ မက်မန်း၊ ထောပတ်၊ ဂရိတ်ဖရု၊ လိမ္မော် စသည့် နှစ်ရှည်သီးနှံများကို ဒေသထွက်ကုန်အဖြစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရန် တိုက်တွန်းလိုပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးလာစေရန် ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဒေသထွက် ကုန်ကြမ်းများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ပါက ဒေသတွင်း စီးပွားရေးပိုမိုခိုင်မာလာမည် ဖြစ်ပါကြောင်း၊ အမယ်မျိုးစုံ ထုတ်လုပ်ခြင်းထက် အမယ်တစ်မျိုးချင်းစီကို အရည်အသွေးရှိရှိ ပမာဏများစွာ ထုတ်လုပ်ရန်လည်းလိုအပ်ပါကြောင်း။

ပညာရေးနှင့်ကျန်းမာရေးကဏ္ဍသည် ဒေသဖွံ့ဖြိုးရေး၏ အသက်သွေးကြောဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရေး ချမှတ်ပေးထားသော ပညာရေးမူဝါဒများဖြစ်သည့် ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာသင်ကြားခွင့်ရရှိရေး၊ ကျောင်းနေမြဲရေးနှင့် အတန်းစဉ်ကူးပြောင်းနှုန်း ပိုမိုကောင်းမွန်စေရေး ပညာသင်နှစ်မကုန်မီ ကျောင်းထွက်နှုန်းလျှော့ချရေး၊ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်လိုက် သတ်မှတ်ကာလအတွင်း (KG + မှ Grade 9)ပြီးမြောက်စေရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများက ဝိုင်းဝန်းအားပေးဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ဒေသတွင်း ဆေးရုံ၊ ဆေးခန်းများ၌ ဆရာဝန်နှင့်သူနာပြုများ ခန့်ထားပေးခြင်း၊ ဆေးဝါးပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အစိုးရလက်ထက် နာဂဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် နှစ်စဉ်တိုးတက်မှုများရှိခဲ့သည်ကို ဒေသတွင်းနေ တိုင်းရင်းသားပြည်သူများ သိရှိပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အုပ်ချုပ်မှုအဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားပြည်သူများအားလုံးကိုလည်း အထူးကျေးဇူးတင် ဂုဏ်ပြုပါကြောင်း။

နိုင်ငံအတွင်း ၂၀၂၅ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း(၂)ကို ၂၀၂၆ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်နေ့တွင်လည်းကောင်း အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ နာဂဒေသတွင်လည်း ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကိုကျင်းပခဲ့ရာတွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် နောင်ဖြစ်ပေါ်လာမည့် ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

**ဖတ်ကြားရှင်းလင်း**

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နှစ်သစ်ကူးအမှာစကားပြောကြားပြီး နာဂတိုင်းရင်းသားတစ်ဦးက နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းအား ဖတ်ကြားရှင်းလင်းပြောကြားသည်။

**နှစ်သစ်ကူးလက်ဆောင်ပေးအပ်**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ နာယကဦးလှထွန်းနှင့် မြို့နယ်နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစံမြတို့က နှစ်သစ်ကူး အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးပစ္စည်းများကိုပေးအပ်ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

*စာမျက်နှာ ၅ သို့*



# ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ ဆက်လက်ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ပြုလုပ်လျက်ရှိရာ ဒုတိယနေ့ ကြားနာပွဲကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် ဆက်လုပ်ပြုလုပ်ခဲ့သည်။

ဒုတိယနေ့ကြားနာပွဲတွင် ဂမ်ဘီယာနိုင်ငံမှ ရှေ့နေများက ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်က အကြမ်းဖက်ချေမှုန်းရေးဟုဆိုကာ ဘင်္ဂါလီများကို လူမျိုးတုံးစေရန် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်သတ်ဖြတ်ခဲ့ကြောင်း စွပ်စွဲလျှောက်လဲကြပြီး ယင်းသို့ လုပ်ဆောင်ရာတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များအပြင် ရခိုင်လူမျိုးများလည်း ပါဝင်သည်ဟုလည်း ထည့်သွင်းစွပ်စွဲလျှောက်လဲခဲ့ကြောင်း၊ ထိုသို့ ရည်ရွယ်ချက်ရှိကြောင်းကို လုပ်ကြံဖန်တီးထားသည့် ဘင်္ဂါလီသက်သေများ၏ ထွက်ဆိုချက်များအား ကိုးကားလျှောက်လဲခဲ့ကြကြောင်း၊ ဂမ်ဘီယာနိုင်ငံအနေဖြင့် တတိယနေ့ ပထမအကြော့ လျှောက်လဲခြင်းကို ဇန်နဝါရီ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မှ မွန်းလွဲ ၁ နာရီအထိနှင့် မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ICJ နိုင်ပြီလေ

❖ ကမ္ဘာ့မြေနယ်၊ သည်ဟိတ်ဂ်ရယ်သို့
ခရီးသွယ်ကာ၊ ချီတက်လာကြ
တို့မြန်မာတွေ၊ စိတ်အားလေးနှင့်
ယုံကြည်ချက်မွန်၊ စွဲကိုင်လွန်ပြီး
တရားခွင်ဆီ၊ ဝင်နွှဲချီမည်။

❖ ဘင်္ဂါလီအရေး၊ စွပ်စွဲသံကို
တွန်းလှန်ဖြိုခွင်း၊ အမှန်ရှင်းဖို့
သက်သေခိုင်လုံ၊ ပြည့်စုံနှင့်
တင်ပြကာလေ၊ ချေပပေမည်။

❖ တို့ပြည်သူများ၊ အားမလျော့ပါ
တစ်စိတ်တစ်ဝမ်း၊ လက်တွဲမြဲကာ
မေတ္တာရေးရှု၊ ထောက်ခံပြုလို့
ပို့လွှတ်ကာရည်၊ တောင်းဆုချွေမည်။

❖ အမျိုးဂုဏ်ရောင်၊ ထိန်းသိမ်းဆောင်ဖို့
သွေးမောင်ကျောက်ခဲ၊ စိတ်ဓာတ်မြဲနှင့်
ရင်ဆိုင်ကြိုးစား၊ အမှန်တရား
ထွန်းပွားစေမည်၊ တို့မြန်မာပြည်။

❖ တို့ ICJ၊ နိုင်ပြီလေဟု
ကြွေးကြော်သံပြု၊ ပြည်ထောင်စုချီ
သမိုင်းသစ်တင်၊ အောင်ပွဲခံသည်
ကေန်မုချ၊ နိုင်စေရမည်။

*အောင်မြေ(Isheet)*

*စာမျက်နှာ ၄ မှ*

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာကြသည့် နာဂတိုင်းရင်းသားမျိုးနွယ်စုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

**လိုက်လံကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများအား လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လေရှီးမြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု(ဗဟို) ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ တောင်တန်းသာသနာပြု (ဗဟို) ခေါင်းဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဒဿနအားဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့အတူ လေရှီးမြို့ မြို့မနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းသို့ သွားရောက်၍ သိက္ခာတော်ရဆရာတော်ဦးစေးဖောက်နှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

**အာဟာရဖြည့်စွက်စာများပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လေရှီးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးကုသမှုခံယူနေကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများအား ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေရှီးမြို့ အိမ်တွင်းမှုသင်တန်းကျောင်းနှင့် လူငယ်သင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ပါဝင်ဆင်နွှဲ**

ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ၂၀၂၄ခုနှစ် နာဂရိုးရာယဉ်ကျေးမှု မီးပုံပွဲသို့ တက်ရောက်ပြီး ဒေသခံတိုင်းရင်းသားများနှင့် အတူပါဝင်ဆင်နွှဲသည်။ ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လေရှီးမြို့နယ် နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က နာဂရိုးရာယဉ်ကျေးမှု မီးပုံပွဲကို မီးထွန်းညှိဖွင့်လှစ်ပေးခဲ့ကြပြီး နာဂရိုးရာမျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြကာ နာဂမျိုးနွယ်စုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**မီးပုံပွဲများတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ**

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ နာဂရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်၊ နာဂတိုင်းရင်းသားလူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာနိုင်စေရန်၊ နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နာဂတိုင်းရင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် နာဂမျိုးနွယ်စုအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ စိတ်ဝင်တစားဖြင့် လာရောက် ကြည့်ရှုလေ့လာကြပြီး မီးပုံပွဲများတွင်လည်း ပျော်ရွှင်စွာဖြင့် အတူတကွ ပါဝင်ဆင်နွှဲလေ့ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စားအုန်းဆီဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၁၅**

စားအုန်းဆီ ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ညွှန်ကြားချက်များအတိုင်း သတ်မှတ် ရည်ညွှန်းဈေးဖြင့် ရောင်းချနိုင်ရေးအတွက် ဒေသအရောက်ဈေးနှုန်းများအပေါ် နှစ်ရာခိုင်နှုန်းအမြတ်ထက်မပိုသော ဈေးနှုန်းဖြင့် ဈေးကွက်အတွင်းသို့ပြန်လည်ဖြန့်ဖြူးရောင်းချစေရေး၊ လက်လီဈေးကွက်အတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ရောင်းချစေရေး၊ ဈေးနှုန်း အဆမတန် မြင့်တင်ရောင်းချမှုများ မရှိစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်လျက် ရှိကြောင်း၊ စားအုန်းဆီ ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ လက်ကား/လက်လီကိုယ်စားလှယ်များအနေဖြင့် အရေအတွက်မှန်၊ ဈေးနှုန်းမှန်၊ အခြင်အတွယ်မှန်၊ အရည်အသွေးမှန် စသည့် မှန် (၄) မှန်ဖြင့် ပြည်သူများထံသို့ စားအုန်းဆီများ ပျံ့ပျံ့နှံ့နှံ့ ရောက်ရှိစေရေး မှန်မှန်ကန်ကန်ဖြန့်ဖြူးရောင်းချပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်တို့က အမှာစကားပြောကြားသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး၊ လေ့လာစောင့်ကြည့်သုတေသနအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ၊ ဆီကန်ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဒုတိယဥက္ကဋ္ဌ ဦးငွေမိုးနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးတို့က ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

# ကျူးလွန်သူတွေက နစ်နာပြ ယုံလွယ်သူတွေက ငိုချင်းချနေပေမယ့် တကယ့်အမှန်တရားက ပျောက်ပျက်သွားမှာမဟုတ်ပါ ထွက်ပေါ်လာမယ်လို့ ယုံကြည်ထားလိုက်ပါ

မင်းသော်

> “အချို့သော နိုင်ငံတကာမီဒီယာတွေကတော့ ဒါနဲ့ပတ်သက်ပြီး ထင်ကြေးအမျိုးမျိုးနဲ့ ဝေဖန်မှုအမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးကနေ ရေးကြပေမယ့် တစ်ဖက်သတ်ဆန်ပြီး ကျွန်တော်တို့ မြန်မာပြည်သူ၊ မြန်မာနိုင်ငံသားတွေရဲ့အသံ သိပ်မမြင်မတွေ့ရပါဘူး။ ဒါကလည်း ထူးဆန်းတဲ့အရာတော့ မဟုတ်ပေဘူး။ ကျွန်တော်တို့နိုင်ငံကို သူတို့မြင်ချင်သလို၊ ဖြစ်စေချင်သလို ပုံဖော်စွပ်စွဲပြစ်တင် လုပ်ဇာတ်ခင်းမှုတွေက ကျွန်တော်တို့အဖို့ အသားကျနေပြီးသားပဲ မဟုတ်လား။ အပြည်ပြည်ဆိုင်ရာတရားရုံးရဲ့ ကြားနာမှုအခြေအနေတွေက ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ဝင်ရောက်စွက်ဖက်ဝေဖန်ဖို့ရာ မသင့်ပေမယ့် ကျွန်တော်တို့ ပြည်သူတွေအားလုံးအနေနဲ့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး မှန်ကန်တဲ့အမြင်၊ မှန်ကန်တဲ့အသိ၊ မှန်ကန်တဲ့အတွေးအခေါ်နဲ့မှန်ကန်တဲ့ သတင်းအချက်အလက်တွေကို သိရှိလေ့လာထားပြီးသား ဖြစ်ပါတယ်”

၂၀၂၆ ခုနှစ် နှစ်ဆန်းရက်တွေက ကျွန်တော်တို့ နိုင်ငံသားတွေအတွက် အလွန်ကို စိတ်လှုပ်ရှားဖွယ်ရာ ကာလတွေပေါ့။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကလည်း ဇန်နဝါရီလ ၁၁ ရက်နေ့မှာ ပြီးစီးခဲ့ပြီ။ အောင်အောင်မြင်မြင်၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အသည်းကြားက မဲတစ်ပြားကို ပြည်သူတွေ အားရကျေနပ်စွာ ပေးခဲ့ကြပြီး စိတ်ဒုန်းဒုန်းချရမယ် မကြံသေးဘူး။ နောက်ထပ်သတင်းတစ်ပုဒ်ကြောင့် ကျွန်တော်တို့ ပြည်သူတွေ စိတ်အနှောင့်အယှက် ဖြစ်ရပြန်ပါလေရော။ စိတ်ထဲ စနိုးစနောင့်မဖြစ်ရိုး ခံနိုင်မလားဗျာ။ ကျွန်တော်တို့နိုင်ငံနဲ့ ဂမ်ဘီယာနိုင်ငံတို့အကြား တရားရင်ဆိုင်နေရတဲ့ ကိစ္စတစ်ခုရှိတယ်ခင်ဗျ။ အဲဒီအမှုနဲ့ ပတ်သက်တဲ့ ကြားနာပွဲကို ဇန်နဝါရီလ ၁၂ ရက်နေ့ကနေ လကုန်ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့က အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ စတင်နေပြီလေဗျာ။

ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် တရားမျှတမှုနဲ့ အမှန်တရားအတွက်ရော၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနဲ့ တရားရုံးရဲ့ အခန်းကဏ္ဍကို အလေးထား ယုံကြည်ကြောင်း ပြသတဲ့အနေနဲ့ရော၊ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းမှာ တာဝန်ရှိတဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ်အနေနဲ့ရော၊ ၁၉၄၈ ခုနှစ် လူမျိုးတုံးစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ရဲ့ အဖွဲ့ဝင်နိုင်ငံအဖြစ်နဲ့ရော အခုတစ်ခေါက်မှာ နိုင်ငံက ဘာသာရပ်ဆိုင်ရာနဲ့ ဥပဒေရေးရာ တတ်ကျွမ်းနားလည်တဲ့ ပြည်ထောင်စုဝန်ကြီးအဆင့်ပုဂ္ဂိုလ်တွေ ဦးဆောင်သွားရောက်ပြီး အစွမ်းကုန်ဆောင်ရွက်နေကြတယ်။

လက်ရှိရင်ဆိုင်တဲ့အမှုဟာ ကြီးလေးတဲ့ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖောက်တယ်လို့ စွပ်စွဲခံထားရတာဖြစ်လို့ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားအားလုံးအတွက် အလွန်အရေးကြီးတယ်လို့ ဆိုနိုင်ပါတယ်။ အခြေအမြစ်မရှိတဲ့ တစ်ဖက်သတ် အစီရင်ခံစာတွေ၊ အချက်အလက်တွေအကြား ကျွန်တော်တို့ ပြည်သူတွေ မျှော်လင့်ထားတာတော့ အပြည်ပြည်ဆိုင်ရာတရားရုံးရဲ့ သမာသမတ်ကျမှု၊ ဆင်ခြင်တုံတရားနဲ့ လွတ်လပ်မှု၊ တရားမျှတမှုတွေကိုပါ။ ကျွန်တော်တို့ ပြည်သူတွေက အပြည်ပြည်ဆိုင်ရာတရားရုံးရဲ့ တရားမျှတမှုအပေါ်ကို အပြည့်အဝ ယုံကြည်မှုရှိရှိနဲ့ စောင့်ကြည့်နေကြပါတယ်။

အချို့သော နိုင်ငံတကာမီဒီယာတွေကတော့ ဒါနဲ့ပတ်သက်ပြီး ထင်ကြေးအမျိုးမျိုးနဲ့ ဝေဖန်မှုအမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးကနေ ရေးကြပေမယ့် တစ်ဖက်သတ်ဆန်ပြီး ကျွန်တော်တို့ မြန်မာပြည်သူ၊ မြန်မာနိုင်ငံသားတွေရဲ့အသံ သိပ်မမြင်မတွေ့ရပါဘူး။ ဒါကလည်း ထူးဆန်းတဲ့အရာတော့ မဟုတ်ပေဘူး။ ကျွန်တော်တို့နိုင်ငံကို သူတို့မြင်ချင်သလို၊ ဖြစ်စေချင်သလို ပုံဖော်စွပ်စွဲပြစ်တင် လုပ်ဇာတ်ခင်းမှုတွေက ကျွန်တော်တို့အဖို့ အသားကျနေပြီးသားပဲ မဟုတ်လား။ အပြည်ပြည်ဆိုင်ရာတရားရုံးရဲ့ ကြားနာမှု အခြေအနေတွေက ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ဝင်ရောက်စွက်ဖက်ဝေဖန်ဖို့ရာ မသင့်ပေမယ့် ကျွန်တော်တို့ပြည်သူတွေ အားလုံးအနေနဲ့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး မှန်ကန်တဲ့အမြင်၊ မှန်ကန်တဲ့အသိ၊ မှန်ကန်တဲ့ အတွေးအခေါ်နဲ့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေကို သိရှိလေ့လာထားပြီးသား ဖြစ်ပါတယ်။

## အတိတ်သမိုင်းထဲက ကျူးကျော်လာကြသူတွေ

**ရခိုင်ပြည်နယ်ထဲကို ဘင်္ဂါလီမူဆလင်ဘာသာ ကိုးကွယ်သူတွေ ၁၆ ရာစု အလယ်ပိုင်းလောက်မှာ စတင်ရောက်ရှိလာခဲ့တယ်လို့ သမိုင်းမှတ်တမ်းတွေ အရ သိရပါတယ်။ ဒါပေမယ့် ရိုဟင်ဂျာလို့ သူတို့ကိုယ်သူတို့ ပြောဆိုနေကြသူတွေကတော့ ၈ ရာစုမှာ အာရပ်ကသင်္ဘော ရခိုင်ကမ်းရိုးတန်းမှာ ပျက်ရာကနေ စတင်ရောက်လာတယ်လို့ ဆိုကြပါတယ်။ ချင့်ချိန်စဉ်းစားကြည့်မယ်ဆိုရင် အနောက်ဘင်္ဂလားနယ်ဘက်ကို မူဆလင်ဘာသာ ရောက်ရှိတာ ခရစ်နှစ် ၁၂၃၀ နောက်ပိုင်းမှ ရောက်တာဆိုတဲ့ ကမ္ဘာ့သမိုင်းနဲ့ယှဉ်ထိုးကြည့်ရင်၊ ဒါမှမဟုတ် မူဆလင်ဦးရေများတဲ့ အင်ဒိုနီးရှားမှာ သူတို့ပြောတဲ့ ၈ ရာစုလောက်က ဗုဒ္ဓဘာသာနိုင်ငံအဖြစ်သာ ရှိနေသေးတဲ့ အခြေအနေနဲ့ တွက်ဆကြည့်မယ်ဆိုရင် အာရပ်သင်္ဘောပျက်ပုံပြင်ဟာ ရိုဟင်ဂျာလို့ ခံယူထားတဲ့သူတွေရဲ့ ယုံတမ်းတစ်ခုဆိုတာ ထင်ရှားပါတယ်။**

ဘင်္ဂါလီလူမျိုးတွေက မြန်မာနိုင်ငံမှာ ရေကြည်ရာမြက်နုရာ လာရောက်ပြောင်းရွှေ့နေထိုင်ကြတာတွေရှိပါတယ်။ နောက်ပိုင်းမှာ ပြည်ပက ဝင်ရောက်လာတဲ့သူတွေထဲက အစွန်းရောက်သူပုန်အဖွဲ့ ပေါ်ပေါက်လာခဲ့ပါတယ်။ လွတ်လပ်ရေးမရမီနဲ့ ရပြီးကာလတွေမှာ မူဂျာဟစ်သူပုန်တွေကို ဗမာ့လက်နက်ကိုင်တပ်ပေါင်းစုတွေက ဆက်လက်တိုက်ခိုက်ခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံထဲကို အရှေ့ပါကစ္စတန်(ဟိုစဉ်ကအခေါ်)က တရားမဝင်ခိုးဝင်လာတဲ့သူတွေရှိသလို၊ ဘင်္ဂလားဒေ့ရှ် လွတ်မြောက်ရေးစစ်ပွဲလို့ခေါ်တဲ့ အရှေ့နဲ့ အနောက် ပါကစ္စတန် နှစ်ခြမ်းကွဲတဲ့ကာလမှာတော့ အဲဒီအချိန် နိုင်ငံတကာမီဒီယာတွေရဲ့ ဖော်ပြချက်အရ အိန္ဒိယမှာ စစ်ဘေးရှောင် ဆယ်သန်းလောက် ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံမှာ တစ်သန်းခွဲ၊ နှစ်သန်း ရောက်နိုင်တယ်လို့ ဆိုကြတယ်။ စစ်ပြီးတဲ့အခါ တစ်ဖက်နိုင်ငံကလည်း စစ်ဘေးရှောင်သူတွေကို ပြန်လက်ခံပေးပေမယ့် မြန်မာနိုင်ငံမှာ နေပျော်သွားကြတဲ့ ဘင်္ဂါလီတွေကတော့ ပြည်တော်ပြန်ရောက်ရင်တောင် ရတဲ့နည်းနဲ့ တရားမဝင် ပြန်လည်ဝင်ရောက်လာခဲ့ကြတယ်။

## ဘယ်ကလာလာ မွေးဌာနေက မြန်မာဟူ၍သာ

ဒါတင်မကသေးဘူး။ လူဦးရေပေါက်ကွဲမှုရဲ့ နောက်ဆက်တွဲ နီးစပ်ရာနေရာတွေကို နယ်ပယ်ချဲ့ထွင် ရွှေ့ပြောင်းနေထိုင်လိုသူအချို့က မြန်မာနိုင်ငံကိုရော၊ အိန္ဒိယသမုဒ္ဒရာကိုဖြတ်ပြီး အခြားနိုင်ငံတစ်ခုခုစီ ခိုလှုံဖို့ တရားမဝင်သွားကြတာမျိုးကလည်း ယနေ့တိုင် မပြီးနိုင်တဲ့ ပြဿနာပါပဲ။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံမှာ တရားမဝင်နေထိုင်သူတွေ များပြားလာခဲ့ပါတယ်။ (မကြာသေးမီ ရက်ပိုင်းကတင် မြန်မာ့ရေပိုင်နက်အတွင်း ရေဝင်နေတဲ့ လှေတစ်စင်းပေါ်မှာ အမျိုးသမီးနဲ့ ကလေးတွေပါဝင်တာကို မြန်မာ့တပ်မတော်က ကယ်ဆယ်ပြုစုကုသပေးပြီး သူတို့ရဲ့နေရပ်ကို ပြန်ပို့ပေးဖို့ ပြင်ဆင်နေတာကို ဖတ်လိုက်ရတယ်) အချို့တွေကကျတော့ လှေတွေနဲ့ တရားမဝင် ခိုးဝင်ဖို့ကြိုးစားကြတဲ့အချိန် တခြားနိုင်ငံအစိုးရတွေက မတော်တဆဖမ်းမိလို့ စစ်ဆေးရင် မြန်မာနိုင်ငံက ဒုက္ခသည်တွေပါလို့ ဖြေကြတယ်။ မြန်မာစကားပြန်ခေါ်ပေးတော့လည်း တစ်လုံးမှ နားမလည်ကြဘူးတဲ့လေ။ ဘုရားစူး မြန်မာနိုင်ငံသားတွေပါ။

ဆက်စပ်ပြီး တွေးမိတာက ၂၀၁၂ ခုနှစ်လောက်မှာ လက်ရှိကုလသမဂ္ဂရဲ့ အတွင်းရေးမှူးချုပ်၊ အဲဒီတုန်းကတော့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးပေါ့ဗျာ၊ သူနဲ့ ကျွန်တော်တို့ သမ္မတကြီး ဦးသိန်းစိန်တို့ နေပြည်တော်မှာ တွေ့ကြတဲ့အခါ သမ္မတကြီးက သမိုင်းကြောင်းအရ ဘင်္ဂါလီများ ဝင်ရောက်လာသည်မှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးမရခင်ကတည်းက အင်္ဂလိပ်နယ်ချဲ့တွေက လယ်ယာလုပ်ငန်းလုပ်ကိုင်ဖို့ ခေါ်သွင်းလာခြင်းဖြစ်ကြောင်း၊ ထိုစဉ်က အလုပ်အကိုင်ကောင်းမွန်သဖြင့် မပြန်တော့ဘဲ အခြေချနေထိုင်သူများလည်း ရှိကြောင်း၊ မိမိတို့ ဥပဒေအရ ၁၉၄၈ ခုနှစ်မတိုင်မီ မြန်မာနိုင်ငံကိုရောက်ရှိသူ မိဘနှစ်ပါးက မွေးဖွားပြီး တတိယမျိုးဆက်မြေးအဆင့်ကိုသာ နိုင်ငံသားအဖြစ် လက်ခံတဲ့ ဥပဒေရှိကြောင်း၊ နောက်ပိုင်းမှာ ခိုးဝင်လာသူတွေနဲ့ ရှုပ်ထွေးလျက်ရှိကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုကိုပါ ခြိမ်းခြောက်လာတဲ့အတွက် ဒီကိစ္စကို ကိုင်တွယ်ဖို့ အလေးအနက်ထား စဉ်းစားလျက်ရှိကြောင်း၊ မိမိတိုင်းရင်းသားများကို တာဝန်ယူမည်ဖြစ်ကြောင်းနဲ့ တိုင်းရင်းသားမဟုတ်ဘဲ ခိုးဝင်လာသူတွေကိုတော့ လက်ခံဖို့ မည်သို့မျှ မဖြစ်နိုင်ကြောင်း၊ နောက်ဆုံး ဖြေရှင်းသည့်နည်းလမ်းမှာ ခိုးဝင်လာသူတွေကို UNHCR ကို အပ်နှံပြီး ဒုက္ခသည်စခန်းအဖြစ်ထားရှိရန်ဖြစ်ကြောင်း၊ UNHCR က ကျွေးမွေးစောင့်ရှောက်ပေးရန်နဲ့ တတိယနိုင်ငံက လက်ခံမည်ဆိုလျှင် ပို့ပေးမည်ဖြစ်ကြောင်း၊ ဤသည်မှာ ပြဿနာဖြေရှင်းနည်းကို စဉ်းစားနေခြင်းဖြစ်ကြောင်းဆိုပြီး ရှင်းလင်းပြောကြားခဲ့ဖူးတာရှိပါတယ်။

## ကမ္ဘာ့မီဒီယာတွေ နှာစေးသွားရတဲ့ ဖြစ်ရပ်မှန်တွေ

**အတိတ်ကိုထားပြီး မဝေးလှတဲ့ ဆယ်စုနှစ်ကာလ၊ ကျွန်တော်တို့နိုင်ငံအပေါ် တရားကြားနာမှုဖြစ်စဉ်ရဲ့အစကို ပြန်ကောက်ရရင် အရင်အစိုးရလက်ထက် (၂၀၁၆–၂၀၁၇) ကာလမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေက စတယ်လို့ဆိုရမှာပါ။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ Aqa Mul Mujahidin (AMM) (အကာလ် မူလ် မူဂျာဟီဒင်န်) အကြမ်းဖက်အဖွဲ့က နယ်ခြားစောင့် ရဲဌာနချုပ်ရဲ့ ရဲစခန်းနှစ်ခုကို အကြမ်းဖက် စတင်တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီမှာ ရဲတပ်ဖွဲ့ဝင် ၁၀ ဦးကျဆုံးပြီး လက်နက်တွေလည်း အကြမ်းဖက်လက်ထဲကို ပါရှိခဲ့ရပါတယ်။ နောက်ထပ် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် နံနက် ၁ နာရီခွဲမှာ ယခင်အမည် AMM ကနေ ARSA အဖြစ်နဲ့ ရဲစခန်း ၃၀ နဲ့ တပ်ဌာနချုပ်တစ်ခုကို တစ်ပြိုင်နက်တည်း ကြိုတင်ကြံစည်ပြီး အလစ်ဝင်ရောက်တိုက်ခိုက်ပါတယ်။ မြန်မာ့ပိုင်နက်ထဲကိုဝင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ရက်ရက်စက်စက် သတ်ဖြတ်တာတင်မကသေးပါဘူး။ ရခိုင်ပြည်နယ်ထဲမှာ အတူတကွနေထိုင်တဲ့ ရခိုင်လူမျိုးအပါအဝင် ဟိန္ဒူဘာသာကိုးကွယ်သူဒေသခံတွေကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံနဲ့ ပြည်သူတွေအတွက်တော့ ရင်နာဖွယ်ဖြစ်ရပ်မှန်တစ်ခုဆိုပေမယ့်လည်း ကမ္ဘာ့မီဒီယာတွေမှာတော့ မထင်မရှား သတင်းတိုတစ်ခုလောက်ပါပဲ။**

တရားမဝင် အထောက်အထားမဲ့ နေထိုင်သူတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့နိုင်ငံဘက်ကတော့ ရှင်းလင်းပါတယ်။ မြန်မာနိုင်ငံမှာ မွေးဖွားနေထိုင်ခဲ့တဲ့ သူမှန်ရင်၊ မြန်မာနိုင်ငံက ဥပဒေတွေနဲ့ ကိုက်ညီရင် မြန်မာနိုင်ငံကို အချိန်မရွေးပြန်လာနိုင်တယ်။ လက်ခံဖို့လည်း အသင့်ရှိပြီးသားပါ။ ကျွန်တော်တို့တိုင်းပြည်က လူသားချင်းစာနာထောက်ထားတဲ့ အတွက်ရော၊ လူ့အခွင့်အရေးကို အလေးထားပြီး နေရပ်စွန့်ခွာသွားတဲ့ ဘင်္ဂါလီတွေကို စနစ်တကျ ပြန်လည်လက်ခံမယ်ဆိုပြီး အမြဲအဆင်သင့်လုပ်ကိုင်ထားပေးတယ်။ ပြန်လည်လက်ခံရေးစခန်းတွေဟာ အခုအချိန်အထိ တံခါးဖွင့်စောင့်နေဆဲပါ။ ဥပဒေနဲ့ ညီညွတ်ရင် ကုန်းလမ်းကလာလာ၊ ရေလမ်းကလာလာ နေဖို့ရွာတွေအဆင်သင့်ရှိတာကို ဒုက္ခသည်တွေအပါအဝင် ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူတွေ လာရောက်လေ့လာဖူးလို့ သိကြမယ်ထင်ပါတယ်။

ဒုက္ခသည် ၂၀၀၀ ကျော်ပြန်လာဖို့ ၂၀၁၉ ခုနှစ်မှာ သဘောတူညီမှုရတာတောင် သူတို့တကယ်တမ်း ပြန်မလာခဲ့ကြဘူး။ ပဋိပက္ခကြောင့် ဒုက္ခရောက်သူတွေက ဘင်္ဂါလီလူမျိုးတွေတင်မက ရခိုင်လူမျိုးနဲ့ အခြားတိုင်းရင်းသားတွေလည်း ပါဝင်ပါတယ်။ အခြားဘေးပယောဂမျိုးစုံ အပါအဝင်ဒုက္ခသည်တွေနဲ့ ဒေသခံတွေအကြား၊ ဒုက္ခသည်တွေနဲ့အစိုးရအကြား ရန်တိုက်ပေးပြီး မြန်မာကိုကမ္ဘာ့အလယ်မှာ အကောင်းမမြင်အောင်၊ မြန်မာ့တပ်မတော်ကိုလည်း မတော်မတရား စွပ်စွဲတဲ့နောက်ကွယ်မှာ ဘယ်လိုအရာတွေ၊ ဘယ်လိုရည်ရွယ်ချက်တွေရှိသလဲဆိုတာ ပြည်သူအားလုံးသိအောင် လေ့လာထားကြဖို့လိုပါတယ်။

အခုအချိန်မှာ ကျွန်တော်တို့ဟာ ‘ယာရှင်ကို မျောက်မောင်း’ဆိုတဲ့ စကားပုံထဲကလို အခြေအမြစ်မရှိတဲ့ စွပ်စွဲပြောဆိုမှုတွေနဲ့တစ်ဖန် ကမ္ဘာ့တရားရုံးထိ တိုင်ကြားခံရတယ်။ လုပ်ကြံဖန်တီးထားတဲ့ အရာတွေကြောင့် အမှန်တရားဟာ လည်ချောင်းကွဲလုနီးပါး ရှင်းလင်းဖော်ထုတ်နေရတယ်။ ပြည်သူအားလုံးရဲ့ဆန္ဒက ကျွန်တော်တို့ နိုင်ငံအတွက် အမှန်တရား အမြန်ဆုံးပေါ်ထွက်လာပါစေ ဟူသာ။ ။

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၄ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးငွါးရဲ့ဆဲ | ၁/မခဘ(နိုင်)၀၀၄၆၈၉ | မချမ်းဘော | ကချင်ပြည်နယ်ပြည်သူ့ပါတီ |
| (၂) | ဦးထွန်းထွန်းအောင် | ၁/မကတ(နိုင်)၀၅၆၂၈၈ | မိုးကောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးကျော်ကျော်အောင် | ၁၂/လမန(နိုင်)၁၃၈၈၁၈ | ဝိုင်းမော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်** | | | | |
| (၄) | ဒေါ်မော်မော်ခိုင် | ၂/လကန(နိုင်)၀၄၈၈၄၀ | ဒီးမော့ဆို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးဆားရယ် | ၂/ဖရဆ(နိုင်)၀၀၃၁၇၀ | ဖရူဆို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၆) | ဦးစောဝင်းထိန် | ၃/ဖပန(နိုင်)၀၀၀၉၃၂ | ဖာပွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဒေါ်သီတာစန်း | ၃/လဘန(နိုင်)၁၄၄၁၈၂ | လှိုင်းဘွဲ့ | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| ( ၈ ) | ဦးတင်ထွန်းလွင် | ၅/ကလဝ(နိုင်)၀၂၉၇၄၇ | ကလေးဝ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၉ ) | ဦးစိုးကျော်နိုင် | ၅/ကလန(နိုင်)၀၃၁၅၅၅ | ကျွန်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးဝင်းနိုင် | ၅/မမတ(နိုင်)၀၀၂၁၆၃ | မြင်းမူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးထွန်းလွင် | ၅/ခဥတ(နိုင်)၀၀၂၁၄၀ | ချောင်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးကျော်မင်း | ၉/မနမ(နိုင်)၀၀၄၆၉၆ | ဘုတလင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးဝင်းတင့် | ၁၂/မဘန(နိုင်)၁၁၂၈၉၄ | အရာတော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးခင်မောင်ထွန်း | ၅/ဖပန(နိုင်)၀၅၆၂၆၉ | ဖောင်းပြင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၁၅) | ဦးအောင်ကျော်နှင်း | ၉/မထလ(နိုင်)၀၆၀၁၅၃ | ကျွန်းစု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးအောင်ဆန်းလွင် | ၆/တသရ(နိုင်)၀၁၈၈၇၀ | တနင်္သာရီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၁၇) | ဒေါ်သိင်္ဂီမြင့်ရည် | ၇/ပခန(နိုင်)၁၄၂၉၀၀ | ဒိုက်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးကျော်တိုး | ၇/ရကန(နိုင်)၀၀၇၁၈၇ | ရွှေကျင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးကျော်ကျော်ဦး | ၇/ထတပ(နိုင်)၀၀၂၇၂၈ | ထန်းတပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးထွန်းထွန်းမိုး | ၁၂/အစန(နိုင်)၀၀၉၈၅၅ | ရေတာရှည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးကျော်မင်းထွန်း | ၇/ဇကန(နိုင်)၀၃၀၀၃၄ | ဇီးကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဒေါ်ဆွေဆွေသင်း | ၇/ပတတ(နိုင်)၀၀၀၁၄၀ | ပေါင်းတည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးမျိုးဆွေထွန်း | ၇/ပခန(နိုင်)၀၈၅၇၃၉ | ကဝ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးအောင်ဇော်လင်း | ၇/သနပ(နိုင်)၀၆၀၉၃၇ | သနပ်ပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးမျိုးဇော်သိမ်း | ၁၂/မဘန(နိုင်)၀၁၈၉၉၈ | ပေါက်ခေါင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးကိုကိုလွင် | ၁၂/မရက(နိုင်)၀၃၄၆၄၈ | ပန်းတောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဒေါ်ဇာခြည်လွင် | ၇/မညန(နိုင်)၀၅၄၃၇၅ | မိုးညို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးရဲထွဋ်အောင် | ၇/မလန(နိုင်)၀၅၈၁၈၄ | မင်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၂၉) | ဦးအောင်ဇော်ထက် | ၈/ဆဖန(နိုင်)၀၅၀၄၈၁ | ဆိပ်ဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးဇော်ဌေး | ၈/နမန(နိုင်)၀၀၅၈၄၈ | နတ်မောက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးစိုးဝင်း | ၈/မသန(နိုင်)၀၄၈၂၁၂ | မြို့သစ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၃၂) | ဦးမိုးမင်းဦး | ၁၂/ရကန(နိုင်)၀၇၂၀၄၉ | ငဖဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးဇော်နိုင် | ၈/စလန(နိုင်)၀၁၄၈၈၈ | စလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးမိုးတင် | ၈/စတရ(နိုင်)၀၀၂၃၁၁ | စေတုတ္တရာ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၃၅) | ဒေါ်စံပါယ်မင်း | ၈/မဘန(နိုင်)၀၆၀၀၃၀ | ကံမ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးစိုးနိုင် | ၈/မတန(နိုင်)၀၁၆၃၆၂ | မင်းတုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးခင်မောင်ဌေး | ၈/မလန(နိုင်)၀၅၂၈၆၅ | မင်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးတင့်ဆွေ | ၈/ဆပဝ(နိုင်)၀၄၈၅၅၄ | ဆင်ပေါင်ဝဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၃၉) | ဦးထွန်းထွန်းနိုင် | ၉/စကတ(နိုင်)၀၆၀၆၂၄ | စဉ့်ကိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးဝင်းမြင့်မောင် | ၁၃/ညရန(နိုင်)၀၁၀၀၀၉ | ကျောက်ပန်းတောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးအောင်သူ | ၉/တတဥ(နိုင်)၀၀၈၁၉၃ | တံတားဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးအောင်နိုင်ဦး | ၉/မရတ(နိုင်)၀၀၄၅၈၈ | ပြည်ကြီးတံခွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) | ဦးစိုးနိုင် | ၉/မရတ(နိုင်)၀၁၅၁၆၂ | မဟာအောင်မြေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၄) | ဦးမျိုးမြင့်သိန်း | ၉/ဝတန(နိုင်)၁၀၈၇၈၂ | ဝမ်းတွင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၅) | ဒေါ်ကြူကြူမော် | ၉/သစန(နိုင်)၀၀၂၁၃၉ | သာစည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၆) | ဦးသိန်းထွန်းဦး | ၉/အမရ(နိုင်)၀၁၃၄၁၁ | အမရပူရ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) | ဦးလှမြင့် | ၉/မတရ(နိုင်)၀၄၆၆၃၈ | မတ္တရာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၄၈) | ဒေါက်တာခင်မောင်သွင် | ၁၄/ဟသတ(နိုင်)၁၉၅၁၉၆ | ဘီးလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) | မင်းဝဏ္ဏကြီး | ၁၀/မလမ(နိုင်)၀၆၇၉၀၇ | မုဒုံ | မွန်ညီညွတ်ရေးပါတီ |
| (၅၀) | ဦးသန်းရွှေ | ၁၀/ရမန(နိုင်)၁၇၂၂၂၅ | သံဖြူဇရပ် | မွန်ညီညွတ်ရေးပါတီ |
| (၅၁) | ဒေါ်မြင့်သန်း | ၁၀/ရမန(နိုင်)၀၀၂၇၆၉ | ရေး | မွန်ညီညွတ်ရေးပါတီ |
| (၅၂) | ဦးဗိုလ်ဝင်း | ၁၀/သဖရ(နိုင်)၀၆၁၅၅၅ | ပေါင် | မွန်ညီညွတ်ရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တတိယနေ့အခမ်းအနား ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တတိယနေ့ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အလွှာအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များ၊ အခြားဖိတ်ကြားထားသည့် လူငယ်ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကွန်ရက်အလိုက် စီမံချက်၊ အဆိုပြုချက်များနှင့်စပ်လျဉ်း၍ အဖွဲ့လိုက်ဆွေးနွေးမှုတွင် ပထမဆုရရှိသည့် လူငယ်အဖွဲ့အား ဆုချီးမြှင့်စဉ်။

ဦးစွာ လူငယ်ကွန်ရက်များဖွဲ့စည်း၍ ကွန်ရက်အလိုက် စီမံချက်၊ အဆိုပြုချက်များ တင်ပြခြင်း၊ ကွန်ရက်အလိုက်အဆိုပြုချက်များကို ပညာရှင်များက အကြံပြုဆွေးနွေးခြင်း၊ ကွန်ရက်အလိုက် အဆိုပြုချက်များကို လူငယ်အချင်းချင်း မဲပေးဆုံးဖြတ်ခြင်း၊ မဲပေးဆုံးဖြတ်သည့်အပေါ် ပညာရှင်အဖွဲ့က သုံးသပ်၍ ဆုများသတ်မှတ်ခြင်း၊ လူငယ်ထုအတွင်း လျှပ်တစ်ပြက်စစ်တမ်း၊ ဆန္ဒကောက်ယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကွန်ရက်အလိုက် စီမံချက်၊ အဆိုပြုချက်များနှင့် စပ်လျဉ်း၍ အဖွဲ့လိုက်ဆွေးနွေးမှုတွင် ပထမဆုနှင့် ဒုတိယဆုရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တတိယဆုရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဖိုရမ်တွင် ဆွေးနွေးခဲ့ကြသည့် ပညာရှင်များကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (ငြိမ်း)က ပန်းချီပြိုင်ပွဲတွင် ဆုရရှိကြသူများကို လည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်က ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)က ဖိုရမ် Coordinator များကို လည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ် စိုးနိုင်ဦး (ငြိမ်း)က ဖိုရမ် Facilitator များကိုလည်းကောင်း ဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အခမ်းအနားသို့ ပံ့ပိုးကူညီပေးခဲ့ကြသည့် အလှူရှင်များနှင့် ဖိုရမ်ဂုဏ်ပြုတေးသီချင်း ရေးစပ်သီကုံးပေးခဲ့သူများကို လည်းကောင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က အထောက်အကူပြုအဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့က လူငယ်များ၏ အဖွဲ့လိုက်ဆွေးနွေးမှုများမှ "သတင်းအချက်အလက်နည်းပညာသက်ရောက်မှုများ (IT)၊ ဉာဏ်ရည်တုနည်းပညာ (AI) စနစ်ထူထောင်ရေး၊ ဆိုက်ဘာ (Cyber)၊ Online Security၊ လူမှုကွန်ရက် (Social Media) နှင့် ကွန်ရက်အဖွဲ့များ ထိရောက်သော သတင်းမှန်ပြန်ကြားရေးဆိုင်ရာ ဆွေးနွေးမှု" နှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ က ထုတ်ပြန်ကြေညာသည့် လူငယ်ကြေညာစာတမ်းကို လူငယ် (၄) ဦးက ဖိုရမ်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဖိုရမ် တက်ရောက်လာကြသူများသည် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သစ္စာအဓိဋ္ဌာန် လေးချက်ဖြစ်သည့် "မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိကွန်ရက်ကို ခိုင်မာအောင် ဖွဲ့စည်းမည်၊ မိမိဒေသကို ငြိမ်းချမ်းအောင် ပံ့ပိုးမည်၊ မိမိနိုင်ငံအတွက် ကောင်းအောင် ကြိုးစားမည်" တို့ကို ရွတ်ဆို၍ ကြေညာစာတမ်းကို ထုတ်ပြန်သည်။ (အဆိုပါကြေညာစာတမ်းကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် တက်ရောက်လာကြသူ လူငယ်များကိုယ်စား လူငယ်ကိုယ်စားလှယ် ၄ ဦးတို့က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးမှုရလဒ်များကို ရှင်းလင်းဆွေးနွေးပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

## လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ - Youth Peace Forum 2026 လူငယ်ကြေညာစာတမ်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးသည့် အချိန် **သမိုင်းစာမျက်နှာသစ်**တွင် ဖြစ်ပေါ်လာမည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်မှုကို မြှင့်တင်ပေးရန်အလို့ငှာ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ပါသည်။

၂။ ဤဖိုရမ်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေမှ လူငယ်ကိုယ်စားလှယ်များအပြင် ပဋိပက္ခဘေးသင့်ရာ ဒေသများမှ လူငယ်များ၊ အဆင့်မြင့် ပညာရေးတက္ကသိုလ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လူငယ်များ စုစုပေါင်း ၄၅၀ ဦး တက်ရောက်ကြပြီး **အနာဂတ်ကာလတွင် လူငယ်များ ပါဝင်နိုင်မည့် ကဏ္ဍများနှင့်လုပ်ငန်းများ**ကို သုံးရက်ကြာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်ကြပြီး ဤကြေညာစာတမ်းအား ထုတ်ပြန်ကြေညာအပ်ပါသည်။

၃။ ဖိုရမ်ကျင်းပသည့် ပထမနေ့တွင် လူငယ်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် လက်တွေ့စီမံခန့်ခွဲခဲ့ရသည့် လူကြီးများထံမှ အတွေ့အကြုံများနှင့် သင်ခန်းစာများကို **ငြိမ်းချမ်းရေး လက်ဆင့်ကမ်းခြင်းနှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း မြှင့်တင်ခြင်း** ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲအားစတင်ခဲ့ပြီး တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ကိုယ်စားပြုလူငယ် ၁၅ ဦးနှင့် အခြားတိုင်းရင်းသားနှင့် ဘေးသင့်ဒေသများကိုယ်စားပြု လူငယ်ကိုယ်စားလှယ် ၇ ဦးတို့မှ ဒေသအလိုက် မတူကွဲပြားသည့် အသံများကို ဖော်ထုတ်ခဲ့ပါသည်။

၄။ ဖိုရမ်၏ ဒုတိယနေ့တွင် အနာဂတ်ကာလ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်တွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်မည့် **အခွင့်အလမ်းများ** အပေါ် ပညာရှင်များ၊ လူငယ်လုပ်ငန်းရှင်များက တင်ပြကြပြီး လူငယ်ကိုယ်စားလှယ်များ အဖွဲ့များခွဲ၍ အသေးစိတ်ဆွေးနွေးအဖြေရှာဖော်ထုတ်ကာ အဖွဲ့လိုက်ကွန်ရက်ဖွဲ့ဆောင်ရွက်ရန် ပြင်ဆင်ခဲ့ပါသည်။

၅။ ဖိုရမ်၏ တတိယနေ့တွင် အနာဂတ်ကာလ၌ ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများအပေါ် အကြံပြုချက်များနှင့် လက်တွေ့ အဆိုပြုချက်များကို အဖွဲ့လိုက် ဆွေးနွေးတင်ပြခဲ့ပါသည်။ လူငယ်များ၏ ရှေ့အမြင်များနှင့် ဖန်တီးမှုများကို လျှပ်တစ်ပြက်စစ်တမ်းများဖြင့် ပုံဖော်နိုင်ခဲ့ပြီး လူငယ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြမည့် ကွန်ရက်အဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ထိုအကြံပြုချက်များအပေါ် အခြေခံ၍ ကွန်ရက်များဖြင့် ဒေသအသီးသီးရှိ ငြိမ်းချမ်းရေးစိန်ခေါ်မှုများကို လူငယ်များ ကိုယ်တိုင်ပါဝင် ဖြေရှင်းနိုင်မည့် လက်တွေ့အစီအစဉ်များ ဖော်ထုတ်ခြင်းမှတစ်ဆင့် အမျိုးသားအဆင့် လူငယ်များပါဝင်မှု အခင်းအကျင်းတစ်ရပ် ဖြစ်ပေါ်စေမည့် **ရှေ့လုပ်ငန်းစဉ်များ၊ အကြံပြုချက်များ**ကို စနစ်တကျ ချမှတ်နိုင်ခဲ့ပါသည်။

၆။ ဤသို့လျှင် လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် "**နိုင်ငံတစ်ဝန်းရှိ လူငယ်များကို ငြိမ်းချမ်းရေး တည်ဆောက်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် စုပေါင်းပါဝင်လာရေးနှင့် စွမ်းရည်ပြည့်ဝသော ခေါင်းဆောင်များ ဖြစ်ပေါ်လာရန်အတွက် လူငယ်များအား ငြိမ်းချမ်းရေးအသိ မြှင့်တင်ပေးနိုင်ရန်**" ဟူသော **ဖိုရမ်ဦးတည်ချက်**အား အောင်မြင်စွာ ရရှိခဲ့ပြီး အနာဂတ်ကာလ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များအတွက် အောက်ဖော်ပြပါ အခွင့်အလမ်းများကို စုပေါင်းဖန်တီးကြရန် စုပေါင်းသန္နိဋ္ဌာန်ပြုအပ်ပါသည်-

(က) ရွေးကောက်ပွဲလွန်ကာလ၌ လူငယ်များ၏ လက်တွေ့ကျသော အခန်းကဏ္ဍကို ဖော်ထုတ်နိုင်မည့် ငြိမ်းချမ်းရေးကို ပြင်းပြစွာ လိုလားကြသည့် လူငယ်အသိုက်အဝန်းများအကြား အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေမည့် **လူငယ်ကွန်ရက်များ** ဖွဲ့စည်းတည်ထောင်၍ လူငယ်များလက်တွေ့ဆောင်ရွက်နိုင်သည့် စီမံချက်များကို **လူငယ်များကိုယ်တိုင် အကောင်အထည်ဖော်ရန်**၊

(ခ) ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ မတူကွဲပြားမှုများကို နားလည်၍ အမုန်းတရားများ တိုက်ဖျက်နိုင်ရန် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် စီးပွားရေး ဖွံ့ဖြိုးရေးနယ်ပယ်အသီးသီးရှိ လူငယ်များ၏ **စွမ်းရည်မြှင့်တင်**ပေးရန်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် **လူငယ်ဆိုင်ရာ စီမံကိန်းများ** ရေးဆွဲရန်၊

(ဂ) ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေး၊ လူမှုသဟဇာတ မြှင့်တင်ရေးလုပ်ငန်းဆိုင်ရာ အစီအစဉ်များကို **ဒေသအလိုက် မြေပြင်အခြေအနေများနှင့် ကိုက်ညီမည့် စီမံချက်များ**အား လူငယ်များကိုယ်တိုင် စွန့်ဦးဆောင်ရွက်ပြီး နိုင်ငံတော်၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို အထောက်အပံ့ ဖြစ်စေမည့် အကြံပြုချက်များ ဖော်ထုတ်ရန်၊

(ဃ) မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် **နိုင်ငံတကာနှင့် ပြည်တွင်း ပြည်ပ မီဒီယာ ရပ်တည်ချက်များကို** ပြည်တွင်းလူငယ်များ၏ အမြင်နှင့် ပုံရိပ်ပြောင်းလဲရေး ဆောင်ရွက်ရန်၊

(င) လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကို စုစည်း၍ အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် **လူငယ်နှင့် ငြိမ်းချမ်းရေးမူဝါဒဆိုင်ရာ စာတမ်း**တစ်ရပ် (Youth Peace Policy Paper) အား ရေးဆွဲတင်ပြနိုင်ရန် ဖြစ်ပါသည်။

၇။ ထို့ကြောင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍပါဝင်မှုကို အလေးပေးဖော်ဆောင်နိုင်ခဲ့ပြီး လူငယ်များ၏ စိတ်ဓာတ်နှင့် စွမ်းအားများကို အကောင်းဆုံးသော ပုံစံများဖြင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းနိုင်ရန် ဖော်ထုတ်ခဲ့ပြီး တက်ရောက်ပါဝင်ကြသည့် လူငယ်များအနေဖြင့်လည်း-

(က) မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊
(ခ) မိမိကွန်ရက်ကို ခိုင်မာအောင် ဖွဲ့စည်းမည်၊
(ဂ) မိမိဒေသကို ငြိမ်းချမ်းအောင် ပံ့ပိုးမည်၊
(ဃ) မိမိနိုင်ငံအတွက် ကောင်းအောင် ကြိုးစားမည်။

ဟု **သစ္စာအဓိဋ္ဌာန်ပြု**၍ ဤကြေညာစာတမ်းအား ထုတ်ပြန်အပ်ပါသည်။

နေပြည်တော်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

# ဒီဖိုရမ်ကနေ လူငယ်တိုင်းရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတွေမှာ ပိုမိုမြင့်မားတိုးတက်အောင် အကောင်အထည်ဖော်ပြီး အမှန်တကယ် တည်ငြိမ်အေးချမ်းသော၊ တရားမျှတပြီးလွတ်လပ်သော နိုင်ငံတော်ကြီးဖြစ်ပါစေလို့ ယုံကြည်မျှော်လင့်ပါတယ်

မနှင်းဝတ်ရည်ဝင်း (ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်)


မနှင်းဝတ်ရည်ဝင်း


မောင်စောနေသပလေးထူး


မောင်ခွန်လွန်းကျော်


မောင်စိုင်းကောင်းအုပ်စိုး


မပန်းအိန္ဒြေထက်

**လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၁ (MICC I) ၌ သုံးရက်တာကျင်းပခဲ့ပြီး ဖိုရမ်တတိယနေ့တွင် ဖိုရမ်၏ အဓိက အရေးအကြီးဆုံးအပိုင်းဖြစ်သည့် လူငယ်ကွန်ရက်ဖွဲ့စည်းခြင်း၊ ချိတ်ဆက်ခြင်း၊ ကွန်ရက်အလိုက် စီမံချက်၊ အဆိုပြုချက်များ တင်ပြဆွေးနွေးခြင်း၊ ဆွေးနွေးချက်များအပေါ် ပညာရှင်များက အကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။**

ဖိုရမ်ကျင်းပသည့် သုံးရက်တာ ဆွေးနွေးမှုများမှတစ်ဆင့် ထွက်ပေါ်လာသည့် ငြိမ်းချမ်းရေးနှင့် အနာဂတ်လူငယ် ကြေညာစာတမ်းနှင့် ဖိုရမ်မှ အကြံပြုချက်များကို စုစည်းပြီး အနာဂတ်နိုင်ငံတည်ဆောက်ရေးတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုကဲ့သို့ ဖိုရမ်သုံးရက်တာအတွင်း တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ကြသည့် လူငယ်များ၏ အမြင်သဘောထားဆန္ဒများ၊ မျှော်မှန်းချက်များကို စုစည်းဖော်ပြအပ်ပါသည်။

**မနှင်းဝတ်ရည်ဝင်း**
**ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှု အမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် တတိယနေ့ ဆွေးနွေးမှုတွေမှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့ ငြိမ်းချမ်းရေးအပေါ်ထားရှိတဲ့ ဆန္ဒတွေ၊ သဘောထားအမြင်တွေကို သိမြင်ခံစားခွင့်ရတယ်။ ပြီးတော့ ပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ မတူညီတဲ့ လူငယ်တွေရဲ့ အတွေးအမြင်များစွာကို သိရှိခွင့်ရခဲ့တယ်။ Speaker တွေ ဆွေးနွေးသွားကြတဲ့ အကြောင်းအရာတွေထဲမှာ လူငယ်တွေမသိသေးတဲ့ အကြောင်းအရာတွေ၊ အခန်းကဏ္ဍတွေ၊ ဘာသာရပ်တွေ၊ အကြံပြုချက်တွေ များစွာသိရှိခွင့်ရခဲ့ပါတယ်။ ပညာရှင်တွေက လူငယ်တွေကို တွေးခေါ်မြော်မြင်နိုင်တဲ့ နည်းလမ်းတွေကို ပြသပေးသွားတာလည်း ရှိပါတယ်။

ဖိုရမ်မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးနဲ့ တွေ့ဆုံခွင့်ရလို့ အင်မတန် ပျော်ရွှင်မိပါတယ်။ ဒီဖိုရမ်နဲ့ ပတ်သက်ပြီး ဆွေးနွေးသွားကြတဲ့ လူငယ်တွေရဲ့ စကားသံတွေအပေါ် နိုင်ငံ့အကြီးအကဲတွေအနေနဲ့ နားလည်လက်ခံပြီး ဆွေးနွေးမှုတွေကနေ ရရှိလာတဲ့ ရလဒ်တွေကို လိုအပ်တဲ့နေရာတွေမှာ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ကူညီထောက်ပံ့ပေးစေလိုပါတယ်။ ဒီဖိုရမ်ကနေ လူငယ်တိုင်းရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတွေမှာ ပိုမိုမြင့်မားတိုးတက်အောင် အကောင်အထည်ဖော်ပြီး အမှန်တကယ် တည်ငြိမ်အေးချမ်းသော၊ တရားမျှတပြီးလွတ်လပ်သော နိုင်ငံတော်ကြီးဖြစ်ပါစေလို့ ယုံကြည်မျှော်လင့်ပါတယ်။

**မောင်စောနေသပလေးထူး**
**မွန်ပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်**

ဒီဖိုရမ်ကနေ ဒေသတစ်ခုချင်းစီက လူငယ်တွေရဲ့ တွေ့ကြုံခံစားနေရတဲ့ ရင်ဖွင့်ပြောကြားတဲ့ စကားသံတွေကို တွေ့မြင်ကြားသိခဲ့ရပါတယ်။ ပြီးတော့ နယ်ပယ်အသီးသီးက ပညာရှင်တွေရဲ့ လူငယ်တွေအတွက် အကြံပြုပြောကြားတာတွေ အများကြီးကို သိရှိခွင့်ရတာတွေဟာ တန်ဖိုးဖြတ်လို့ မရပါဘူး။

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လူငယ်တွေနဲ့ ပတ်သက်တဲ့ ငြိမ်းချမ်းရေးဖိုရမ်၊ ဆွေးနွေးပွဲတွေ၊ တွေ့ဆုံမှုတွေကို စဉ်ဆက်မပြတ် ပြုလုပ်ပေးနိုင်မယ်ဆိုရင် နိုင်ငံတော်တည်ဆောက်ရေး အခန်းကဏ္ဍတွေမှာ လူငယ်တွေ ပိုပြီးပါဝင်နိုင်မယ်လို့ ထင်ပါတယ်။

**မောင်ခွန်လွန်းကျော်**
**ရှမ်းပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်**

လူငယ်ငြိမ်းချမ်းရေး ဖိုရမ်မှာ ဆွေးနွေးသွားကြတဲ့ ညီနောင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေရဲ့ ရင်တွင်းစကားသံတွေကို ကြားသိရတဲ့အတွက်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးနဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် အင်မတန် ပျော်ရွှင်မိပါတယ်။

နိုင်ငံ့အကြီးအကဲတွေ ပြောကြားသွားတဲ့ စကားတွေထဲမှာလည်း လူငယ်တွေအတွက် အကျိုးများစွာရရှိစေမယ့် ဗဟုသုတသစ်တွေ၊ အသိအမြင်သစ်တွေ၊ အကြံပြုတိုက်တွန်းချက်တွေနဲ့ လူငယ်တွေကို ဘယ်လောက်အထိ အလေးအနက်ထား တန်ဖိုးထားတယ်ဆိုတာကို သိမြင်ခံစားရတယ်။ ဒီလို အလေးထားတာကို ဒီဖိုရမ်က သက်သေပြသွားတာပါ။

ဆက်လက်ပြီးတော့ လူငယ်တွေရဲ့ ကဏ္ဍကို မြှင့်တင်ပေးစေလိုပါတယ်။ လူငယ်တိုင်းရဲ့ အနာဂတ်တွေလှပနေမှသာ နိုင်ငံတော်တည်ဆောက်ရေးမှာ ပိုမိုပါဝင်နိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်လို့ ပြောကြားချင်ပါတယ်။


မောင်မျိုးမင်းဦး


မောင်ကြည်စန်းဝိန်

**မောင်စိုင်းကောင်းအုပ်စိုး**
**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် သုံးရက်တာ ဆွေးနွေးသွားကြတဲ့ အကြောင်းအရာတွေက မတူညီသော၊ ဆန်းသစ်သော အသိဉာဏ်၊ အကြံအစည်နဲ့ တွေးခေါ်မှုပုံစံတွေအများကြီး ရရှိခဲ့ပါတယ်။ မတူညီတဲ့ နယ်မြေဒေသတွေက လူငယ်တွေရဲ့ ရင်တွင်းစကားသံတွေ အများကြီးကိုလည်းကြားသိရပြီး သူတို့ရဲ့ဘဝကို ပိုမိုနားလည်လာပါတယ်။ ပြီးတော့ တက်ရောက်လာကြတဲ့ လူငယ်တွေက ငြိမ်းချမ်းရေးအတွက် လူငယ်တွေရဲ့ အမြင်သဘောထားမျိုးစုံကို ရှုထောင့်အသစ်ကနေ တင်ပြကြပါတယ်။ ပညာရှင်တွေနဲ့ ငြိမ်းချမ်းရေးမှာ ပါဝင်လုပ်ဆောင်နေသူတွေရဲ့ ဆွေးနွေးမှုတွေကနေလည်း နိုင်ငံတော်ရဲ့ လုပ်ဆောင်ချက်တွေ၊ ကြိုးပမ်းမှုတွေကို သိမြင်နားလည်ရပါတယ်။ ဒီလိုဘက်စုံဆွေးနွေးမှုတွေကနေ လက်တွေ့ ဆောင်ရွက်မှုတွေအဖြစ် ရှေ့ဆက်သွားနိုင်ဖို့ မျှော်လင့်ပါတယ်။ ဒီလိုသွားရာမှာလည်း ကျွန်တော်တို့ လူငယ်တွေရဲ့အားတွေ အများကြီး ပါဝင်စေချင်ပါတယ်။ ဒီလိုဖိုရမ်မျိုးတွေကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျင်းပပြီး ငြိမ်းချမ်းရေး အမြန်ဆုံးရပါစေလို့ ဆန္ဒပြုပါတယ်။

**မပန်းအိန္ဒြေထက်**
**မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း–MYEA လူငယ်ကိုယ်စားလှယ်**

ဖိုရမ်သုံးရက်တာမှာ လူငယ်တွေအားလုံးက တက်တက်ကြွကြွ ဆွေးနွေးကြပါတယ်။ ကဏ္ဍစုံ ဆွေးနွေးကြတယ်။ နိုင်ငံတိုးတက်အေးချမ်းဖို့ လုပ်နိုင်သလောက် အကောင်းဆုံး လုပ်သွားကြဖို့ အားလုံးပေါင်းဆုံ အဖြေရှာကြတာပါ။ ပညာရှင်တွေက ပါဝင်ဆွေးနွေးပေးတော့ ပိုပြီး ဗဟုသုတရပါတယ်။ လူငယ်တစ်ဦးအနေနဲ့ လက်တွေ့လုပ်ငန်းနယ်ပယ်ထဲမှာ ဒီကရတဲ့ အသိပညာ၊ အကြောင်းအရာက ပြန်ပြီး အသုံးချလို့ရပါတယ်။ လူငယ်တစ်ဦးအနေနဲ့ သိမြင်ခံစားရတာတွေကို ပြန်ပြီးမျှဝေတာမျိုး၊ လှုပ်ရှားမှုတွေ ဆောင်ရွက်တာမျိုးတွေ ဆက်ပြီး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒီထက်ပိုပြီး လူငယ်တွေ နိုင်ငံတည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးရေးမှာ ပါဝင်လာနိုင်မယ့် အခွင့်အလမ်းတွေ အများကြီးရှိစေချင်ပါတယ်။ ဒီဖိုရမ်ကြီးက ဒီအခွင့်အလမ်းတွေရဲ့ ခြေလှမ်းအစလို့လည်း ထင်မြင်မိပါတယ်။

**မောင်မျိုးမင်းဦး**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု လူငယ်ကိုယ်စားလှယ်**

လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှာ ဆွေးနွေးသွားကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေဆီကနေ မတူကွဲပြားတဲ့ အတွေးအမြင်တွေ၊ အတွေးအခေါ်တွေနဲ့ ဆွေးနွေးနေကြတာကိုလည်း တွေ့မြင်ခဲ့ရတဲ့အတွက် အသိပညာဗဟုသုတတွေ များစွာ ရရှိပါတယ်။ ဆွေးနွေးပွဲမှာ လူမှုရေး၊ ပညာရေးနဲ့ ပတ်သက်တဲ့ အသိပညာတွေများစွာကိုလည်း သိရှိရတဲ့အတွက် ကျေနပ်ပီတိ ဖြစ်မိပါတယ်။ "လှည်းဘီးနွံထဲ ကျွံနေသည်၊ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်" ဆိုတဲ့ အတိုင်း မိဘ၊ ဆရာနဲ့ အစိုးရ သုံးရပ်လုံး ပေါင်းစပ်ပြီး အသိပညာ အတတ်ပညာတွေကို လူမှုဘဝတိုးတက်ရေးအတွက် နယ်ပယ်ဒေသအသီးသီးမှာ ပြန်လည်အသုံးချနိုင်ပြီး ပညာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်နိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

**မောင်ကြည်စန်းဝိန်**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု လူငယ်ကိုယ်စားလှယ်**

သုံးရက်တာကျင်းပခဲ့တဲ့ လူငယ်ဖိုရမ်မှာ နယ်မြေဒေသမတူညီတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံခွင့်ရတယ်၊ ခင်မင်ရင်းနှီးခွင့်ရတယ်၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်တွေကို တွေ့မြင်ခွင့်ရလို့ အင်မတန်ဝမ်းသာပျော်ရွှင်မိပါတယ်။ ကျွန်တော့်ရဲ့ မိဘတွေက တောင်သူလယ်သမားတွေ ဖြစ်ပါတယ်၊ တောင်သူ့သားဖြစ်တဲ့အတွက် စိုက်ပျိုးရေးကဏ္ဍတွေမှာ တောင်သူလယ်သမားတွေ အခက်အခဲကြုံတွေ့နေရတာတွေကို ပါဝင်ဆွေးနွေးခဲ့ပါတယ်။

အခုဖိုရမ်မှာ လူငယ်တွေဆွေးနွေးသွားကြတဲ့ အတွေးအခေါ်၊ အမြော်အမြင်သဘောထားတွေကို တာဝန်ရှိသူတွေအားလုံးက လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်မိပါတယ်။ ဒီဖိုရမ်မှာ မျိုးဆက်သစ်လူငယ်တွေရဲ့ အတွေးအခေါ်၊ အမြင်သဘောထားတွေကိုထုတ်ဖော်ပြောဆိုခွင့်ပေးတဲ့အတွက် နိုင်ငံ့အကြီးအကဲတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။

တွေ့ဆုံမေးမြန်း – မင်းကျော်စွာ
ဓာတ်ပုံ – အောင်မင်းထွန်း

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ် သော်တာကျေးရွာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (MRTV) သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားပေးစကား ပြောကြားသည်။



ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသည့်အခါ ကျောင်းသားများ၏ အရည်အချင်းအပေါ်မူတည်၍ ပညာသင်ယူခွင့် အခွင့်အလမ်းများ ကွဲပြားသွားမည်ဖြစ်ကြောင်း၊ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နည်းပညာတက္ကသိုလ်နှင့် အစိုးရနည်းပညာကောလိပ်၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များကို ဆက်လက်ဆည်းပူးရမည်ဖြစ်ပြီး ရိုးရိုးအောင်မြင်ကြသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်ဂျင်နီယာနည်းပညာဒီပလိုမာ)၊ စိုက်ပျိုးရေးသိပ္ပံ(စိုက်ပျိုးရေးဒီပလိုမာ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (စက်မှုလယ်ယာနည်းပညာဒီပလိုမာ)၊ စိုက်ပျိုးရေးသိပ္ပံ (မွေးမြူရေး ဒီပလိုမာ)၊ ငါးလုပ်ငန်းသိပ္ပံ (ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ) ကျောင်းများသို့လည်းကောင်း၊ မအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အသိအမှတ်ပြုလက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်များသို့လည်းကောင်း ဝင်ရောက်နိုင်ကြမည်ဖြစ်ပါကြောင်း။

မိမိရည်မှန်းချက်များ အောင်မြင်ရန်အတွက် သင်ခန်းစာများကို နေ့စဉ်ကျေညက်အောင် လေ့ကျင့်ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်တွင် စက်မှုကျွမ်းကျင်သူများ၊ စိုက်ပျိုးရေးကျွမ်းကျင်သူများ၊ မွေးမြူရေးကျွမ်းကျင်သူများကို မွေးထုတ်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးသည်လည်း စိုက်ပျိုးရေးအပေါ်တွင် အခြေခံသည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် အနာဂတ်တွင် နိုင်ငံတော်အတွက် အားထားရသည့် ကျောင်းသား ကျောင်းသူများ ဖြစ်လာကြစေရန် ကြိုးစားကြစေလိုကြောင်း၊ ကျောင်းစာများကိုသာမက ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်စေရန် အားကစားနှင့် ကျောင်းတွင်းလှုပ်ရှားမှုများတွင်လည်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စာသင်ခန်းများ၊ လက်တွေ့စိုက်ခင်းများ၊ ကွန်ပျူတာခန်း၊ စက်မှု၊ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ လက်တွေ့သင်ယူနေမှုများကို ကြည့်ရှုအားပေးပြီး စာသင်ခန်းများနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အခြေအမြစ်မရှိသည့် မီဒီယာထုတ်ပြန်ကြေညာချက်ကို ပြင်းပြင်းထန်ထန်နှင့် ပြတ်ပြတ်သားသားပယ်ချပါသည်။

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ခက်ခဲနက်နဲသည့် အခြေအနေမှန်များကို မျက်ကွယ်ပြုထားသော၊ တစ်ဖက်သတ်အမြင်ဖြင့် အထောက်အထားမဲ့ စွပ်စွဲချက်များသာပါရှိသော ယင်းကြေညာချက်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြင်းထန်စွာ ရှုတ်ချသည်။ “စစ်အာဏာရှင်” ဟူသော နိုင်ငံရေးအရ နှိမ်ချသည့် စကားလုံးများကို အသုံးပြုခြင်းသည် အစိုးရတစ်ရပ်ကို လေးစားမှုမရှိဘဲ ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်ခြင်းဖြစ်ပြီး အာဆီယံ၏ အဓိကမူဝါဒများဖြစ်သော အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှု ခိုင်မာစေရေးနှင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး မူဝါဒကို တိုက်ရိုက်ချိုးဖောက်ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သော လုပ်ရပ်များသည် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်၏ အခန်းကဏ္ဍနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော ဆောင်ရွက်ချက်ဖြစ်သည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့် စပ်လျဉ်းသည့် စိန်ခေါ်မှုများရှိနေသည့်ကာလတစ်ရပ်ကို ဖြတ်သန်းကျော်လွှားနေသည့် အာဆီယံအဖွဲ့ဝင် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပုံမှန်အခြေအနေများ ပြန်လည်ရရှိစေရန်နှင့် ငြိမ်းချမ်းသည့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်စေရန် လိုအပ်သည့် စီမံဆောင်ရွက်မှုများအားလုံးကို ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်းသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ဆောင်ရွက်ပိုင်ခွင့်ရှိသည့်ကိစ္စဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များအပေါ် ပြင်ပအဖွဲ့အစည်းများမှ ကြိုတင်အကဲဖြတ်ခြင်း သို့မဟုတ် ကန့်သတ်တားမြစ်ချက်များချမှတ်ရန် ကြိုးပမ်းခြင်းသည် လုံးဝလျော်ကန်မှုမရှိပါ။

အာဆီယံပဋိညာဉ်စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့တွင် ပြဋ္ဌာန်းပါရှိသော ပြည်တွင်းရေးကိစ္စရပ်များအပေါ် ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုသည့် အရေးကြီးသည့် အဓိကအခြေခံမူဝါဒကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို လျစ်လျူရှု၍ ပြင်ပမှဝင်ရောက်စွက်ဖက်ခြင်းသည် တည်ငြိမ်မှုကို ထိပါးစေပြီး အလွန်အန္တရာယ်ရှိသော လုပ်ရပ်ဖြစ်သည်။

လူသိရှင်ကြား ရှုတ်ချဝေဖန်ခြင်းထက် အပြုသဘောဆောင်သော ထိတွေ့ဆောင်ရွက်မှုများကိုသာ ဆောင်ရွက်သင့်သည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အခိုင်အမာယုံကြည်ပါသည်။ မကြာသေးမီက နိုင်ငံတော်အစိုးရက ကျင်းပခဲ့သော ပါတီစုံအထွေထွေရွေးကောက်ပွဲ၏ ပထမအပိုင်းနှင့် ဒုတိယအပိုင်းတို့ကို လွတ်လပ်ပြီး တရားမျှတစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကို အပြည်ပြည်ဆိုင်ရာ လေ့လာစောင့်ကြည့်သူများ မျက်မြင်တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ အပြီးသတ် တတိယအပိုင်းကိုလည်း စီစဉ်ထားသည့်အတိုင်း နိုင်ငံတော်အစိုးရက ဆက်လက်ကျင်းပသွားလိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မိတ်ဆွေမပီသသော အဆိုပါထုတ်ပြန်ကြေညာချက်ကို ပြတ်ပြတ်သားသားရှုတ်ချ၍ ပယ်ချကြောင်းနှင့် နိုင်ငံတကာအသိုက်အဝန်းအတွင်း တင်းမာမှုများကို ပိုမိုပြင်းထန်စေပြီး စိတ်ဝမ်းကွဲပြားမှုများ တိုးပွားစေမည့် ထိုကဲ့သို့သော ကြေညာချက်များ ထပ်မံထုတ်ပြန်ခြင်းကို မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ချက်ချင်းရပ်တန့်ပေးသွားရန် ပြင်းပြင်းထန်ထန် တောင်းဆိုပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးအနေဖြင့်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ မြန်မာနိုင်ငံ ပြည်သူလူထုအကျိုးနှင့် သာယာဝပြောမှုတို့ကို လေးစားကာ အကန့်အသတ်မထားဘဲ အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းသော ဆွေးနွေးမှုများကို ထောက်ခံအားပေးသွားကြပါရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

## ပဲခူးတိုင်းဒေသကြီးအတွင်း အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃) အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် (၈)မြို့နယ်၌ အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MEVM မဲပေးစက်များ ပြန်လည်စစ်ဆေးခြင်းနှင့် တပ်ဆင်ခြင်းများ ကြိုတင်ပြင်ဆင်ထားရန်နှင့် သက်ဆိုင်ရာ မဲရုံများအလိုက် မဲပေးစက်များ အချိန်မီရောက်ရှိစေရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲ လာရောက်ပေးသူများ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေး အပိုင်း(၁)နှင့် အပိုင်း(၂) တို့တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအပေါ် အကောင်းဆုံးပြင်ဆင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အပိုင်း(၃)တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို မဲဆန္ဒရှင်ပြည်သူများ ကိုယ်စိတ်နှလုံး သုံးပါးလုံး အေးချမ်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်နှင့်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်လွင်က MEVM မဲပေးစက်များ စနစ်တကျအသုံးပြုနိုင်ရေးနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက နယ်မြေဒေသဆိုင်ရာ လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေ၊ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၊ ရွေးကောက်ပွဲအရာရှိက အပိုင်း(၃)တွင် ကျင်းပမည့် မဲရုံများအလိုက် မဲပေးစက်များ ဖြန့်ခွဲပေးသွားမည့်အခြေအနေ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ညွှန်ကြားရေးမှူးက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေး နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက်တက်ရောက်လာသည့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာမဲရုံများအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း အေးချမ်းသက်သာစွာ ဆန္ဒမဲလာရောက်ပေးနိုင်ရေး စီမံဆောင်ရွက်ထားသည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များ၊ တက်ရောက်လာသည့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းအကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပဆောင်ရွက်မည့် မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ အသေးစိတ် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းရှိ သင်တန်းသား သင်တန်းသူများ၏ လေ့ကျင့်နေမှု လိုက်လံကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်အတူ ယမန်နေ့ညနေပိုင်းတွင် ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ရေကူး၊ ကရာတေး၊ လေ့လှော်၊ လက်ဝှေ့၊ ဂျူဒို၊ ဗိုဗီနမ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အလေးမ၊ ပြေးခုန်ပစ်၊ ဘောလုံးနှင့် ဝူရှူးအားကစားအဖွဲ့များမှ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများကိုတွေ့ဆုံ၍ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းကို ၁၉၉၇ ခုနှစ် ဩဂုတ် ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်တွင် မြန်မာ့လက်ရွေးစင်အမျိုးသား အားကစားသမား ၁၁၈ ဦး၊ အမျိုးသမီးအားကစားသမား ၈၇ ဦး စုစုပေါင်း ၂၀၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ အုပ်ချုပ်/နည်းပြများအနေဖြင့် အားကစားနည်းများအလိုက် ကြံခိုင်မှု၊ စွမ်းဆောင်နိုင်မှု၊ နည်းစနစ်၊ နည်းဗျူဟာ၊ နည်းပရိယာယ်များကို တတ်ကျွမ်းနားလည်ပြီး အရည်အချင်းရှိသည့် အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်စေရေးအတွက် စနစ်တကျ သင်ကြားလေ့ကျင့်မှုများနှင့် လေ့လာဆန်းစစ်မှုများ အမြဲမပြတ် ပြုလုပ်ပေးသွားစေလိုကြောင်း၊ အားကစားသမားများအနေဖြင့် ပညာရေးတွင် ထူးချွန်ထက်မြက်ပြီး အားကစားပိုင်းတွင်လည်း ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် အမြဲတမ်းကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ မသန်စွမ်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ ထိုင်းနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၅**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နတ်ခွန်းရတ်ချဆီးမားမြို့များတွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်း အားကစားအဖွဲ့မှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများသည် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်လံ ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အတူ ဖိတ်ကြားခံနှစ်ဦး၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ပြည်ပရေးရာ) ဒေါက်တာတင်မောင်လှိုင် ဦးဆောင်သည့် အားကစားနည်းအလိုက် အုပ်ချုပ်သူ/နည်းပြများ၊ ဒိုင်လူကြီးများနှင့် မသန်စွမ်းအားကစားသမားများ စုစုပေါင်း အင်အား ၁၄၇ ဦးတို့ လိုက်ပါသွားခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နတ်ခွန်းရတ်ချဆီးမားမြို့တို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် ရေကူး၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ ဘိုးလင်း၊ စစ်တုရင်၊ ဘောလုံး၊ ဂိုလ်းဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘောနှင့် အလေးမ စသည့် အားကစားနည်း (၁၁) နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါအဖွဲ့သည် ထိုင်းနိုင်ငံ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် စစ်သံမှူး ဗိုလ်မှူးချုပ် ဝင်းသူလင်းတို့က လာရောက်ကြိုဆိုကြသည်။ (ဓာတ်ပုံ)

ဆက်လက်ပြီး မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့များ တည်းခိုနေထိုင်ရေးအတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌအပါအဝင် ဖိတ်ကြားခံပုဂ္ဂိုလ်များ၊ အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့် (NPC Official)များကို Kantary Hotel နှင့် Sima Thami Hotel တွင်လည်းကောင်း၊ ပြေးခုန်ပစ်၊ ရေကူး၊ သေနတ်ပစ်နှင့် ထိုင်လျက်ဘော်လီဘော အားကစားအဖွဲ့တို့အား Games Village Korat တွင်လည်းကောင်း၊ စစ်တုရင် (မျက်မမြင်)အားကစားအဖွဲ့အား The Imperial Hotel Korat တွင်လည်းကောင်း၊ ဂိုးလ်ဘော (မျက်မမြင်) နှင့် ခုနစ်ယောက်တစ်ဖက် ဘောလုံးအားကစားအဖွဲ့တို့အား Fortune Hotel Korat တွင် လည်းကောင်း၊ စားပွဲတင်တင်းနစ် အားကစားအဖွဲ့အား Louis Residence Hotel Korat တွင်လည်းကောင်း၊ အလေးမ အားကစားအဖွဲ့အား Centre Point Hotel Terminal 21 Korat တွင် လည်းကောင်း၊ ဘိုးလင်း အားကစားအဖွဲ့အား ဘန်ကောက်မြို့ရှိ Graph Hotel တွင်လည်းကောင်း အသီးသီး နေရာချထား စီစဉ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ မြစိမ်းရောင်(ငါးကဏ္ဍ)မှ အတိုးရငွေဖြင့် ကျေးရွာအတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ၌ ကျေးရွာအတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအား မြို့နယ်မြစိမ်းရောင် (ငါးကဏ္ဍ) ကော်မတီအဖွဲ့ဝင်များ ဇန်နဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။



အဆိုပါ ကျေးရွာအတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း (ပေ ၁၄၀၀ x ၁၂ ပေx ၉ လက်မ) လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြစိမ်းရောင်(ငါးကဏ္ဍ)မှ ရရှိသည့် အတိုးရငွေကျပ်သိန်း ၁၇၀ ဖြင့် ဇန်နဝါရီ ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၄ ရက်တွင် လုပ်ငန်းဆောင်ရွက် ပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

| ၁၅ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate) | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၀၀၀၀၀၀ ကျပ် ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ |
|---|---|

# နောင်ချိုမြို့နယ်၌ School Milk Programme အစီအစဉ်ဖြင့် မူလတန်း ကျောင်းသား ကျောင်းသူများအား နွားနို့နှင့်ကြက်ဥပြုတ် အာဟာရတိုက်ကျွေး

**နောင်ချို ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ School Milk Programme အစီအစဉ်ဖြင့် မူလတန်းကျောင်းသား ကျောင်းသူများအား နွားနို့နှင့်ကြက်ဥပြုတ် အာဟာရတိုက်ကျွေးခြင်း အခမ်းအနားကို ယမန်နေ့က နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းရှစ်ကျောင်း၌ ဆောင်ရွက်ခဲ့သည်။



အဆိုပါ နွားနို့နှင့်ကြက်ဥပြုတ် အာဟာရ တိုက်ကျွေးခြင်းကို နောင်ချိုမြို့ အလက(ခွဲ)ကျောင်း၊ အမက(၂)၊ အမက(၃)၊ အမက(၄)၊ နန့်ဆောင်ဟူးအထက(ခွဲ)ကျောင်း၊ မျက်ချီးနအလက (ခွဲ) ကျောင်း၊ နောင်အောမူလတန်းလွန်ကျောင်းနှင့် ပန်လန်းအမကကျောင်းများ၌ ပြုလုပ်ခဲ့ရာ နောင်ချိုမြို့နယ် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သူရိန်မင်းသိန်းနှင့် တပ်နယ်အရာရှိများ၊ နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစည်သူလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး အခြေခံပညာ ကျောင်းသားကျောင်းသူ ၁၃၅၅ ဦးအား နွားနို့ ၁၃၆ ပိဿာနှင့် ကြက်ဥပြုတ် ၁၃၅၅ လုံး အာဟာရတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မချမ်းဘောမြို့နယ် | | | ၃၄၆၂ | ၄၃၀ | ၃၈၉၂ | |
| | | ဦးငွါးရဲ့ဆဲ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၆၀၈ | ၅၇ | ၁၆၆၅ | ၄၂.၇၈% |
| | | ဦးနန်မွန်ထင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၄၇ | ၃၀၅ | ၁၄၅၂ | ၃၇.၃၁% |
| | | ဦးလဘန်းဖုန်ဆားရ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၀၇ | ၆၈ | ၇၇၅ | ၁၉.၉၁% |
| ၂ | မိုးကောင်းမြို့နယ် | | | ၃၈၆၃၅ | ၅၁၄၁ | ၄၃၇၇၆ | |
| | | ဦးထွန်းထွန်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၂၈၇ | ၃၇၀၂ | ၁၉၉၈၉ | ၄၅.၆၆% |
| | | ဦးစံပြည့် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၄၇၆ | ၇၄၃ | ၁၁၂၁၉ | ၂၅.၆၃% |
| | | ဦးဆင်ဝါးလ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၈၁၀၈ | ၄၀၇ | ၈၅၁၅ | ၁၉.၄၅% |
| | | ဦးအောင်နိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၇၆၄ | ၂၈၉ | ၄၀၅၃ | ၉.၂၆% |
| ၃ | ဝိုင်းမော်မြို့နယ် | | | ၁၉၃၁၅ | ၁၉၄၅ | ၂၁၂၆၀ | |
| | | ဦးကျော်ကျော်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၅၂ | ၇၉၃ | ၆၀၄၅ | ၂၈.၄၄% |
| | | ဒေါက်တာဒေါ်ယိန်းထန် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၃၈၄၈ | ၃၅၇ | ၄၂၀၅ | ၁၉.၇၈% |
| | | ဦးသောင်းဝိဇော်ပေါ် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၁၆ | ၃၅၆ | ၃၅၇၂ | ၁၆.၈၀% |
| | | ဦးယိန်းခေါ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၇၃၃ | ၁၁၃ | ၁၈၄၆ | ၈.၆၈% |
| | | ဦးထွန်းငြိမ်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၃၂ | ၇၆ | ၁၈၀၈ | ၈.၅၀% |
| | | ဦးညွန့်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၆၉ | ၁၄၀ | ၁၅၀၉ | ၇.၁၀% |
| | | ဦးစိုင်းဝင်းထင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၈၇ | ၆၅ | ၁၁၅၂ | ၅.၄၂% |
| | | ဦးကြည်ငွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၂ | ၃၀ | ၇၅၃ | ၃.၅၄% |
| | | ဦးနေလင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၅၆ | ၁၄ | ၃၇၀ | ၁.၇၄% |
| | ကယားပြည်နယ် | | | | | | |
| ၄ | ဒီးမော့ဆိုမြို့နယ် | | | ၉၂၅ | ၁၁၀၉ | ၂၀၃၄ | |
| | | ဒေါ်မော်မော်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၄၂ | ၇၈၁ | ၁၄၂၃ | ၆၉.၉၆% |
| | | ဒေါ်ဒါလီဆွေ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၆၆ | ၁၈၉ | ၃၅၅ | ၁၇.၄၅% |
| | | ဒေါ်စန်းစန်းမြ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၇ | ၁၃၉ | ၂၅၆ | ၁၂.၅၉% |
| ၅ | ဖရူဆိုမြို့နယ် | | | ၂၉၅ | ၇၅၆ | ၁၀၅၁ | |
| | | ဦးဆားရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇ | ၇၂၄ | ၉၇၁ | ၉၂.၃၉% |
| | | ဒေါ်နန်းဝေဝေထွန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၃၈ | ၂၇ | ၆၅ | ၆.၁၈% |
| | | ဦးဝေလင်းယု | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀ | ၅ | ၁၅ | ၁.၄၃% |
| | ကရင်ပြည်နယ် | | | | | | |
| ၆ | ဖာပွန်မြို့နယ် | | | ၄၅၄၈ | ၁၈၁၃ | ၆၃၆၁ | |
| | | ဦးစောဝင်းထိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၁၉ | ၁၆၇၇ | ၄၇၉၆ | ၇၅.၄၀% |
| | | နန်းကြည်ဖြူသန်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၇၅၉ | ၈၀ | ၈၃၉ | ၁၃.၁၉% |
| | | ဦးသိန်းဇော်ထွေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၁၅ | ၂၇ | ၄၄၂ | ၆.၉၅% |
| | | ဦးဝင်းသန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၅ | ၂၉ | ၂၈၄ | ၄.၄၆% |
| ၇ | လှိုင်းဘွဲ့မြို့နယ် | | | ၄၂၁၀၆ | ၄၂၃၃ | ၄၆၅၃၉ | |
| | | ဒေါ်သီတာစန်း | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၁၈၄၉၄ | ၁၀၁၂ | ၁၉၅၀၆ | ၄၁.၉၁% |
| | | ဦးစတင်အောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၆၈၄ | ၂၂၅၃ | ၁၃၉၃၇ | ၂၉.၉၅% |
| | | စောသက်နိုင်(ခ) စောမူလျားဝေါ် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၇၇၂၃ | ၇၇၆ | ၈၄၉၉ | ၁၈.၂၆% |
| | | နော်အေးအေးသီ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၃၆၂ | ၁၀၀ | ၂၄၆၂ | ၅.၂၉% |
| | | ဦးသောင်းဇော်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၄၃ | ၉၂ | ၂၁၃၅ | ၄.၅၉% |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၈ | ကလေးဝမြို့နယ် | | | ၃၈၃၀ | ၆၀၅ | ၄၄၃၅ | |
| | | ဦးတင်ထွန်းလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၁၅ | ၄၆၉ | ၂၇၈၄ | ၆၂.၇၇% |
| | | ဦးဝင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၁၅ | ၁၃၆ | ၁၆၅၁ | ၃၇.၂၃% |
| ၉ | ကျွန်းလှမြို့နယ် | | | ၁၂၇၄၈ | ၁၁၉၆ | ၁၃၉၄၄ | |
| | | ဦးစိုးကျော်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၅၃၆ | ၁၀၁၅ | ၉၅၅၁ | ၆၈.၅၀% |
| | | ဦးတင်ညွန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၂၆ | ၁၀၅ | ၂၄၃၁ | ၁၇.၄၃% |
| | | ဦးစိုးတင့် | ပြည်သူ့ပါတီ | ၁၈၈၆ | ၇၆ | ၁၉၆၂ | ၁၄.၀၇% |
| ၁၀ | မြင်းမူမြို့နယ် | | | ၆၀၉၉ | ၅၉၅ | ၆၆၉၄ | |
| | | ဦးဝင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၃၈ | ၄၉၄ | ၃၄၃၂ | ၅၁.၂၇% |
| | | ဒေါ်နွယ်နွယ်ထွန်း | ပြည်သူ့ပါတီ | ၈၇၁ | ၂၁ | ၈၉၂ | ၁၃.၃၂% |
| | | ဒေါ်ခင်ယောသစ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၈၈ | ၂၇ | ၈၁၅ | ၁၂.၁၈% |
| | | ဒေါ်ခိုင်ဇာထွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၀ | ၃၁ | ၇၉၁ | ၁၁.၈၂% |
| | | ဦးဝင်းမင်းသန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၄၂ | ၂၂ | ၇၆၄ | ၁၁.၄၁% |
| ၁၁ | ချောင်းဦးမြို့နယ် | | | ၆၀၁၀ | ၁၀၆၈ | ၇၀၇၈ | |
| | | ဦးထွန်းလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၈၅ | ၅၉၆ | ၂၉၈၁ | ၄၂.၁၂% |
| | | ဦးမျိုးဆွေ | တစ်သီးပုဂ္ဂလ | ၁၃၅၉ | ၃၃၅ | ၁၆၉၄ | ၂၃.၉၃% |
| | | ဦးထွန်းထွန်းကျော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၅၂ | ၆၄ | ၁၃၁၆ | ၁၈.၅၉% |
| | | ဒေါ်ခင်မြဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၁၄ | ၇၃ | ၁၀၈၇ | ၁၅.၃၆% |
| ၁၂ | ဘုတလင်မြို့နယ် | | | ၁၄၀၃ | ၃၂၁ | ၁၇၂၄ | |
| | | ဦးကျော်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၇၇ | ၂၂၉ | ၁၄၀၆ | ၈၁.၅၅% |
| | | ဦးမြသွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၂၆ | ၉၂ | ၃၁၈ | ၁၈.၄၅% |

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၃ | အရာတော်မြို့နယ် | | | ၃၃၇၅ | ၈၀၁ | ၄၁၇၆ | |
| | | ဦးဝင်းတင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၇၄ | ၆၇၂ | ၂၁၄၆ | ၅၁.၃၉% |
| | | ဒေါ်မျိုးသူဇာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၅၉ | ၅၃ | ၇၁၂ | ၁၇.၀၅% |
| | | ဦးဝေလင်းကျော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၃၄ | ၄၂ | ၆၇၆ | ၁၆.၁၉% |
| | | ဒေါ်ပြည့်ဖြိုးဖြိုးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၀၈ | ၃၄ | ၆၄၂ | ၁၅.၃၇% |
| ၁၄ | ဖောင်းပြင်မြို့နယ် | | | ၉၆၄၁ | ၁၆၀၈ | ၁၁၂၄၉ | |
| | | ဦးခင်မောင်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၇၀၆ | ၁၄၁၆ | ၈၁၂၂ | ၇၂.၂၀% |
| | | ဦးတင်မောင်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၇ | ၁၀၇ | ၂၃၁၄ | ၂၀.၅၇% |
| | | ဒေါ်သန်းဝင်း | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၇၂၈ | ၈၅ | ၈၁၃ | ၇.၂၃% |
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၁၅ | ကျွန်းစုမြို့နယ် | | | ၄၉၆၅၅ | ၃၂၂၄ | ၅၂၈၇၉ | |
| | | ဦးအောင်ကျော်နိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၃၀၇ | ၂၈၀၁ | ၂၆၁၀၈ | ၄၉.၃၇% |
| | | ဦးမြင့်နိုင်စိုး | ပြည်သူ့ပါတီ | ၁၁၅၀၅ | ၂၂၄ | ၁၁၇၂၉ | ၂၂.၁၈% |
| | | ဦးဇော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၅၈၂ | ၁၃၄ | ၁၀၇၁၆ | ၂၀.၂၇% |
| | | ဦးတင်ဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၆၁ | ၆၅ | ၄၃၂၆ | ၈.၁၈% |
| ၁၆ | တနင်္သာရီမြို့နယ် | | | ၃၈၉၇ | ၁၄၄၁ | ၅၃၃၈ | |
| | | ဦးအောင်ဆန်းလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၇၇ | ၁၁၆၂ | ၂၅၃၉ | ၄၇.၅၆% |
| | | ဒေါ်ယုယုမြိုင် | ပြည်သူ့ပါတီ | ၁၂၂၆ | ၉၅ | ၁၃၂၁ | ၂၄.၇၅% |
| | | ဦးစိုးရီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၄၃ | ၁၄၈ | ၁၁၉၁ | ၂၂.၃၁% |
| | | ဦးအေးလွင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၁ | ၃၆ | ၂၈၇ | ၅.၃၈% |
| | ပဲခူးတိုင်းဒေသကြီး | | | | | | |
| ၁၇ | ဒိုက်ဦးမြို့နယ် | | | ၅၈၉၄၂ | ၅၀၂၃ | ၆၃၉၆၅ | |
| | | ဒေါ်သိင်္ဂီမြင့်ရည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၃၃၄ | ၃၄၆၈ | ၂၂၈၀၂ | ၃၅.၆၅% |
| | | ဦးမျိုးမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၂၄၄ | ၅၂၉ | ၁၀၇၇၃ | ၁၆.၈၄% |
| | | ဦးမျိုးမင်းလတ် | တစ်သီးပုဂ္ဂလ | ၇၄၀၅ | ၁၅၉ | ၇၅၆၄ | ၁၁.၈၂% |
| | | ဦးကြီးမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၅၆၃ | ၂၉၇ | ၆၈၆၀ | ၁၀.၇၂% |
| | | ဦးအေးလွင် | ပြည်သူ့ပါတီ | ၆၁၄၃ | ၁၁၆ | ၆၂၅၉ | ၉.၇၉% |
| | | ဦးသန်းခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၂၂၉ | ၂၇၁ | ၅၅၀၀ | ၈.၆၀% |
| | | ဦးခင်ဇော် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၀၂၄ | ၁၈၃ | ၄၂၀၇ | ၆.၅၈% |
| ၁၈ | ရွှေကျင်မြို့နယ် | | | ၁၇၃၀၆ | ၃၄၆၇ | ၂၀၇၇၁ | |
| | | ဦးကျော်တိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၆၉၈ | ၂၅၆၄ | ၁၀၂၆၂ | ၄၉.၄၀% |
| | | ဦးသိန်းလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၂၄၅ | ၅၃၇ | ၅၇၈၂ | ၂၇.၈၄% |
| | | ဦးခိုင်ထွန်း | ပြည်သူ့ပါတီ | ၃၁၄၃ | ၂၆၁ | ၃၄၀၄ | ၁၆.၃၉% |
| | | ဦးမြတ်မင်းညွန့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၁၈ | ၁၀၅ | ၁၃၂၃ | ၆.၃၇% |
| ၁၉ | ထန်းတပင်မြို့နယ် | | | ၇၀၈၇ | ၂၄၅၂ | ၉၅၃၉ | |
| | | ဦးကျော်ကျော်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၉၃ | ၁၈၅၄ | ၅၆၄၇ | ၅၉.၂၀% |
| | | ဦးစံထူး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၀၁ | ၂၉၈ | ၁၆၉၉ | ၁၇.၈၁% |
| | | ဦးသောင်းညွန့်ဦး | ပြည်သူ့ပါတီ | ၁၃၀၆ | ၂၂၄ | ၁၅၃၀ | ၁၆.၀၄% |
| | | ဦးသိန်းစိုးရွှေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၇ | ၇၆ | ၆၆၃ | ၆.၉၅% |
| ၂၀ | ရေတာရှည်မြို့နယ် | | | ၄၁၉၃၄ | ၁၂၃၇၆ | ၅၄၃၁၀ | |
| | | ဦးထွန်းထွန်းမိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၇၇၉ | ၈၆၃၈ | ၂၄၄၁၇ | ၄၄.၉၆% |
| | | ဒေါ်ချယ်ရီရွှေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၀၅ | ၁၄၁၈ | ၈၀၂၃ | ၁၄.၇၇% |
| | | ဒေါ်ဇင်ဇင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၃၇၅ | ၅၉၅ | ၆၉၇၀ | ၁၂.၈၃% |
| | | ဦးကောင်းမြတ်ဇော် | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | ၅၆၃၉ | ၅၈၇ | ၆၂၂၆ | ၁၁.၄၇% |
| | | ဦးဇော်မိုး | ပြည်သူ့ပါတီ | ၄၃၀၈ | ၆၂၃ | ၄၉၃၁ | ၉.၀၈% |
| | | ဦးမြင့်အေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၂၈ | ၅၁၅ | ၃၇၄၃ | ၆.၈၉% |
| ၂၁ | ဇီးကုန်းမြို့နယ် | | | ၃၀၃၆၆ | ၄၁၅၀ | ၃၄၅၁၆ | |
| | | ဦးကျော်မင်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၈၀၆ | ၂၉၈၁ | ၂၁၇၈၇ | ၆၃.၁၂% |
| | | ဦးအောင်မျိုးလင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၄၆ | ၂၉၇ | ၂၈၄၃ | ၈.၂၄% |
| | | ဦးမောင်မောင်ဝင်း | ပြည်သူ့ပါတီ | ၂၁၃၇ | ၂၁၈ | ၂၃၅၅ | ၆.၈၂% |
| | | ဦးတင်မောင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၂၈ | ၁၉၄ | ၂၁၂၂ | ၆.၁၅% |
| | | ဦးကျော်လွင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၁၈၉၇ | ၂၂၁ | ၂၁၁၈ | ၆.၁၄% |
| | | ဦးပြည့်ဖြိုးဟန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၆၆၄ | ၉၉ | ၁၇၆၃ | ၅.၁၁% |
| | | ဦးဝေလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၃၈၈ | ၁၄၀ | ၁၅၂၈ | ၄.၄၂% |
| ၂၂ | ပေါင်းတည်မြို့နယ် | | | ၃၄၄၂၃ | ၄၃၈၈ | ၃၈၈၁၁ | |
| | | ဒေါ်ဆွေဆွေသင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၃၇၂ | ၃၄၄၅ | ၁၉၈၁၇ | ၅၁.၀၆% |
| | | ဦးအောင်ကျော်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၄၀ | ၂၆၇ | ၅၃၀၇ | ၁၃.၆၇% |
| | | ဒေါ်စုနန္ဒာလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၄၁ | ၁၄၀ | ၄၄၈၁ | ၁၁.၅၅% |
| | | ဦးနေဒွန်းအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၉၅၈ | ၂၁၁ | ၃၁၆၉ | ၈.၁၆% |
| | | ဦးမောင်မောင်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၉၇ | ၁၅၇ | ၃၀၅၄ | ၇.၈၇% |
| | | ဒေါ်အိနန္ဒာလွင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၂၈၁၅ | ၁၆၈ | ၂၉၈၃ | ၇.၆၉% |
| ၂၃ | ကဝမြို့နယ် | | | ၇၈၀၈၄ | ၉၄၃၉ | ၈၇၅၂၃ | |
| | | ဦးမျိုးဆွေထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၈၁၁ | ၇၃၆၉ | ၄၂၁၈၀ | ၄၈.၁၉% |
| | | ဦးသက်လွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၀၅၉ | ၇၇၀ | ၁၂၈၂၉ | ၁၄.၆၆% |
| | | ဒေါ်နှင်းနွယ်စိုး | ပြည်သူ့ပါတီ | ၇၆၁၃ | ၃၄၅ | ၇၉၅၈ | ၉.၀၉% |
| | | ဦးစိုးမြင့် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၇၆၀၅ | ၂၈၁ | ၇၈၈၆ | ၉.၀၁% |
| | | ဦးအောင်ရဲထွဋ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၉၀ | ၃၀၁ | ၅၈၉၁ | ၆.၇၃% |
| | | ဒေါ်ဝင်းပပမျိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၅၁၁ | ၁၈၁ | ၅၆၉၂ | ၆.၅၁% |
| | | ဦးဇော်မင်းနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၈၉၅ | ၁၉၂ | ၅၀၈၇ | ၅.၈၁% |

စာမျက်နှာ ၁၄ သို့

စာမျက်နှာ ၁၃ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၄ | သနပ်ပင်မြို့နယ် | | | ၅၀၉၁၆ | ၄၂၂၂ | ၅၅၁၃၈ | |
| | | ဦးအောင်ဇော်လင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၀၃၀ | ၃၃၈၂ | ၂၉၄၁၂ | ၅၃.၃၄% |
| | | ဦးမောင်လွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၈၉၂ | ၃၀၉ | ၈၂၀၁ | ၁၄.၈၇% |
| | | ဒေါ်တင်တင်မိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၈၉၈ | ၁၂၅ | ၆၀၂၃ | ၁၀.၉၂% |
| | | ဦးသန့်ဇော်ဦး | ပြည်သူ့ပါတီ | ၄၈၀၄ | ၁၄၇ | ၄၉၅၁ | ၈.၉၈% |
| | | ဒေါ်ယဉ်ဝါငွေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၀၄ | ၁၄၁ | ၃၃၄၅ | ၆.၀၇% |
| | | ဦးဝင်းလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၈၈ | ၁၁၈ | ၃၂၀၆ | ၅.၈၂% |
| ၂၅ | ပေါက်ခေါင်းမြို့နယ် | | | ၁၆၀၄၆ | ၁၂၀၉၃ | ၂၈၁၃၉ | |
| | | ဦးမျိုးဇော်သိမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၅၉၂ | ၁၀၉၇၈ | ၂၂၅၇၀ | ၈၀.၂၁% |
| | | ဦးကျော်မျိုးမင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၈၀ | ၄၄၇ | ၂၀၂၇ | ၇.၂၀% |
| | | ဆလိုင်းအောင်မျိုးဇော် | ပြည်သူ့ပါတီ | ၆၆၆ | ၁၂၂ | ၇၈၈ | ၂.၈၀% |
| | | ဦးကျော်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၉၈ | ၁၄၀ | ၇၃၈ | ၂.၆၂% |
| | | ဦးအောင်ခန့်မော် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၆၃၄ | ၉၃ | ၇၂၇ | ၂.၅၉% |
| | | ဦးဇေယျာလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၁၈ | ၁၇၇ | ၆၉၅ | ၂.၄၇% |
| | | ဦးနိုင်လင်းထွဋ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၅၈ | ၁၃၆ | ၅၉၄ | ၂.၁၁% |
| ၂၆ | ပန်းတောင်းမြို့နယ် | | | ၅၀၂၄၇ | ၂၃၇၅၉ | ၇၄၀၀၆ | |
| | | ဦးကိုကိုလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၃၈၇ | ၁၇၆၃၅ | ၄၁၀၂၂ | ၅၅.၄၃% |
| | | ဦးကျော်ဇင်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၇၅၆ | ၂၁၂၄ | ၁၀၈၈၀ | ၁၄.၇၀% |
| | | ဦးနိုင်စိုးတင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၁၂ | ၁၂၁၉ | ၅၆၃၁ | ၇.၆၁% |
| | | ဆလိုင်းဇီတိုး | ပြည်သူ့ပါတီ | ၄၃၈၄ | ၇၃၄ | ၅၁၁၈ | ၆.၉၂% |
| | | ဒေါ်ဖြိုးယဉ်မင်းထွန်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၈၀၉ | ၉၀၄ | ၄၇၁၃ | ၆.၃၇% |
| | | ဦးဇော်မင်းခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၂၇ | ၇၁၈ | ၃၇၄၅ | ၅.၀၆% |
| | | ဦးတင့်လွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၄၇၂ | ၄၂၅ | ၂၈၉၇ | ၃.၉၁% |
| ၂၇ | မိုးညိုမြို့နယ် | | | ၆၀၈၅၁ | ၄၃၄၉ | ၆၅၂၀၀ | |
| | | ဒေါ်ဇာခြည်လွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၃၄၈ | ၂၇၁၆ | ၃၀၀၆၄ | ၄၆.၁၁% |
| | | ဦးကျော်သန်းငွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၄၃၀ | ၈၉၃ | ၁၆၃၂၃ | ၂၅.၀၄% |
| | | ဒေါ်တင်မျိုးဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၈၁၂ | ၁၃၉ | ၄၉၅၁ | ၇.၅၉% |
| | | ဒေါ်အိမ့်မှူးသွယ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၇၉၇ | ၂၄၃ | ၄၀၄၀ | ၆.၂၀% |
| | | ဦးဆန်းလင်း | တစ်သီးပုဂ္ဂလ | ၃၃၉၉ | ၉၇ | ၃၄၉၆ | ၅.၃၆% |
| | | ဦးဝင်းဇော်ဦး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၂၇၈ | ၁၃၇ | ၃၄၁၅ | ၅.၂၄% |
| | | ဦးသန့်ဇင်ဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၇၈၇ | ၁၂၄ | ၂၉၁၁ | ၄.၄၆% |
| ၂၈ | မင်းလှမြို့နယ် | | | ၃၉၄၄၆ | ၅၅၉၃ | ၄၅၀၃၉ | |
| | | ဦးရဲထွဋ်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၀၁၂ | ၃၂၅၉ | ၁၈၂၇၁ | ၄၀.၅၇% |
| | | ဦးမျိုးလှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၅၂၆ | ၈၀၃ | ၇၃၂၉ | ၁၆.၂၉% |
| | | ဒေါ်သူသူလှ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၇၁ | ၆၅၆ | ၇၀၂၇ | ၁၅.၆၀% |
| | | ဒေါ်ဇာနည်ခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၆၃ | ၄၁၆ | ၅၉၇၉ | ၁၃.၂၈% |
| | | ဦးညဏ်လင်းကို | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၂၁၄ | ၃၀၃ | ၃၅၁၇ | ၇.၈၁% |
| | | ဒေါ်ဝင်းဝင်းမာ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၆၀ | ၁၄၆ | ၂၉၀၆ | ၆.၄၅% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၂၉ | ဆိပ်ဖြူမြို့နယ် | | | ၆၅၉၄ | ၁၄၈၃ | ၈၀၇၇ | |
| | | ဦးအောင်ဇော်ထက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၀၃ | ၁၃၈၃ | ၆၁၈၆ | ၇၆.၅၉% |
| | | ဒေါ်သိန်းကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၁ | ၁၀၀ | ၁၈၉၁ | ၂၃.၄၁% |
| ၃၀ | နတ်မောက်မြို့နယ် | | | ၂၂၀၂၇ | ၄၉၁၉ | ၂၆၉၄၆ | |
| | | ဦးဇော်ငွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၂၂၅ | ၃၁၉၇ | ၁၁၄၂၂ | ၄၂.၃၉% |
| | | ဦးတင်ငွေအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၀၄၃ | ၁၂၇၆ | ၁၀၃၁၉ | ၃၈.၂၉% |
| | | ဦးတေဇာဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၇၅၉ | ၄၄၆ | ၅၂၀၅ | ၁၉.၃၂% |
| ၃၁ | မြို့သစ်မြို့နယ် | | | ၄၈၈၃၅ | ၆၁၁၇ | ၅၄၉၅၂ | |
| | | ဦးစိုးဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၅၄၂ | ၁၆၀၇ | ၂၀၁၄၉ | ၃၆.၆၇% |
| | | ဦးဝင်းငွေဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၈၉၇ | ၃၁၃၄ | ၁၇၀၃၁ | ၃၀.၉၉% |
| | | ဦးငွေဦးမော် | ပြည်သူ့ပါတီ | ၈၉၈၉ | ၉၀၂ | ၉၈၉၁ | ၁၈.၀၀% |
| | | ဦးညီလှ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၇၉၆ | ၁၈၁ | ၃၉၇၇ | ၇.၂၄% |
| | | ဦးတင်မိုးဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၁၁ | ၂၉၃ | ၃၉၀၄ | ၇.၁၀% |
| ၃၂ | ငဖဲမြို့နယ် | | | ၁၉၃၇၃ | ၂၅၆၇ | ၂၁၉၄၀ | |
| | | ဦးမိုးမင်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၂၆၁ | ၁၈၉၄ | ၁၀၁၅၅ | ၄၆.၂၉% |
| | | ဦးဟန်ဝင်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၁၁ | ၄၃၂ | ၆၇၄၃ | ၃၀.၇၃% |
| | | ဦးအောင်မင်းထွန်း | ပြည်သူ့ပါတီ | ၄၈၀၁ | ၂၄၁ | ၅၀၄၂ | ၂၂.၉၈% |
| ၃၃ | စလင်းမြို့နယ် | | | ၁၈၄၅၇ | ၃၉၄၄ | ၂၂၄၀၁ | |
| | | ဦးဇော်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၇၄၀ | ၂၈၄၅ | ၁၀၅၈၅ | ၄၇.၂၅% |
| | | ဦးအောင်ကိုဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၄၂၃ | ၃၃၀ | ၄၇၅၃ | ၂၁.၂၂% |
| | | ဦးစိုးသီဟ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၄၈၇ | ၅၂၀ | ၄၀၀၇ | ၁၇.၈၉% |
| | | ဦးမင်းဇော်ငြိမ်း | ပြည်သူ့ပါတီ | ၂၈၀၇ | ၂၄၉ | ၃၀၅၆ | ၁၃.၆၄% |
| ၃၄ | စေတုတ္တရာမြို့နယ် | | | ၁၅၉၉၉ | ၂၀၈၄ | ၁၈၀၈၃ | |
| | | ဦးမိုးတင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၅၄ | ၉၃၆ | ၇၅၉၀ | ၄၁.၉၇% |
| | | ဦးသန်းထွဋ်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၃၉ | ၉၂၅ | ၇၀၆၄ | ၃၉.၀၇% |
| | | ဦးအောင်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၀၆ | ၂၂၃ | ၃၄၂၉ | ၁၈.၉၆% |
| ၃၅ | ကံမမြို့နယ် | | | ၂၄၂၆၀ | ၁၆၈၂ | ၂၅၉၄၂ | |
| | | ဒေါ်စံပယ်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၅၆၅ | ၁၁၄၇ | ၁၁၇၁၂ | ၄၅.၁၅% |
| | | ဦးခင်မောင်ဇင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၈၄၂ | ၃၂၂ | ၇၁၆၄ | ၂၇.၆၁% |
| | | ဦးအောင်နိုင်သန်း | ပြည်သူ့ပါတီ | ၆၈၅၃ | ၂၁၃ | ၇၀၆၆ | ၂၇.၂၄% |

စာမျက်နှာ ၁၅ သို့

*စာမျက်နှာ ၁၄ မှ*

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၆ | မင်းတုန်းမြို့နယ် | | | ၇၅၀၃ | ၈၈၀ | ၈၃၈၃ | |
| | | ဦးစိုးနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၄၃ | ၆၄၈ | ၄၈၉၁ | ၅၈.၃၄% |
| | | ဒေါ်နွယ်ဇာငြိမ်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၂၆၀ | ၂၃၂ | ၃၄၉၂ | ၄၁.၆၆% |
| ၃၇ | မင်းလှမြို့နယ် | | | ၃၃၅၇၆ | ၂၆၄၉ | ၃၆၂၂၅ | |
| | | ဦးခင်မောင်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၆၃၈ | ၂၁၀၃ | ၁၉၇၄၁ | ၅၄.၅၀% |
| | | ဦးမျိုးသူထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၉၃၈ | ၅၄၆ | ၁၆၄၈၄ | ၄၅.၅၀% |
| ၃၈ | ဆင်ပေါင်ဝဲမြို့နယ် | | | ၂၅၇၀၉ | ၂၇၀၀ | ၂၈၄၀၉ | |
| | | ဦးတင့်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၉၈၂ | ၂၀၅၇ | ၁၅၀၃၉ | ၅၂.၉၄% |
| | | ဦးလင်းထက် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၇၂၇ | ၆၄၃ | ၁၃၃၇၀ | ၄၇.၀၆% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၃၉ | စဉ့်ကိုင်မြို့နယ် | | | ၈၂၈၃၉ | ၃၀၅၇ | ၈၅၈၉၆ | |
| | | ဦးထွန်းထွန်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၀၀၈ | ၂၄၅၃ | ၃၆၄၆၁ | ၄၂.၄၅% |
| | | ဦးသန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၁၀၅ | ၁၂၅ | ၁၂၂၃၀ | ၁၄.၂၄% |
| | | ဦးဖြိုးမင်းအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၉၆၀ | ၁၄၈ | ၉၁၀၈ | ၁၀.၆၀% |
| | | ဦးမျိုးသူရ | ပြည်သူ့ပါတီ | ၈၆၈၉ | ၇၀ | ၈၇၅၉ | ၁၀.၂၀% |
| | | ဦးမင်းနိုင်ညွန့် | မျိုးဆက်သစ်ဝံသာနုပါတီ | ၈၁၈၂ | ၁၁၇ | ၈၂၉၉ | ၉.၆၆% |
| | | ဦးသဲမောင်မောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၃၇၁ | ၁၀၇ | ၆၄၇၈ | ၇.၅၄% |
| | | ဦးမျိုးသန့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၅၂၄ | ၃၇ | ၄၅၆၁ | ၅.၃၁% |
| ၄၀ | ကျောက်ပန်းတောင်းမြို့နယ် | | | ၈၁၉၃၅ | ၄၂၈၈ | ၈၆၂၂၃ | |
| | | ဦးဝင်းမြင့်မောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၁၉၇ | ၃၀၆၉ | ၃၃၂၆၆ | ၃၈.၅၈% |
| | | ဦးမြင့်ဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၄၆၂ | ၅၀၁ | ၁၄၉၆၃ | ၁၇.၃၅% |
| | | ဦးအောင်ကျော်စိုး | ပြည်သူ့ပါတီ | ၁၂၃၆၂ | ၁၈၆ | ၁၂၅၄၈ | ၁၄.၅၅% |
| | | ဦးစိုပြေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၉၈၆ | ၁၅၆ | ၉၁၄၂ | ၁၀.၆၀% |
| | | ဒေါ်အိမ့်ဘုန်းစံ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၇၇၅ | ၂၇၄ | ၉၀၄၉ | ၁၀.၅၀% |
| | | ဦးထွန်းဝင်း | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၇၁၅၃ | ၁၀၂ | ၇၂၅၅ | ၈.၄၂% |
| ၄၁ | တံတားဦးမြို့နယ် | | | ၂၈၀၀၂ | ၂၇၉၄ | ၃၀၇၉၆ | |
| | | ဦးအောင်သူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၁၈၇ | ၁၉၁၁ | ၁၄၀၉၈ | ၄၅.၇၇% |
| | | ဒေါ်စန္ဒာအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၉၅၅ | ၄၀၇ | ၇၃၆၂ | ၂၃.၉၁% |
| | | ဒေါ်ဝါဝါခိုင် | ပြည်သူ့ပါတီ | ၃၈၃၀ | ၁၉၅ | ၄၀၂၅ | ၁၃.၀၇% |
| | | ဦးသက်နိုင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၆၅ | ၂၂၀ | ၃၂၈၅ | ၁၀.၆၇% |
| | | ဦးဆန်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၆၅ | ၆၁ | ၂၀၂၆ | ၆.၅၈% |
| ၄၂ | ပြည်ကြီးတံခွန်မြို့နယ် | | | ၅၇၃၄၁ | ၃၂၈၈ | ၆၀၆၂၉ | |
| | | ဦးအောင်နိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၁၁၁ | ၂၄၅၀ | ၂၄၅၆၁ | ၄၀.၅၁% |
| | | ဦးခန့်ကျော် | ပြည်သူ့ပါတီ | ၈၄၀၁ | ၁၈၂ | ၈၅၈၃ | ၁၄.၁၅% |
| | | ဒေါ်ခိုင်အိဝါ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၈၆၉ | ၁၈၁ | ၈၀၅၀ | ၁၃.၂၈% |
| | | ဦးအောင်နိုင်စိုး(ခ)ဦးအောင်ကြည်သိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၁၆ | ၂၅၅ | ၇၇၇၁ | ၁၂.၈၂% |
| | | ဦးကြည်သာကိုကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၁၀၀ | ၁၄၀ | ၇၂၄၀ | ၁၁.၉၄% |
| | | ဒေါ်အယ်နီဂျိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၄၄ | ၈၀ | ၄၄၂၄ | ၇.၃၀% |
| ၄၃ | မဟာအောင်မြေမြို့နယ် | | | ၇၂၂၁၇ | ၅၁၉၄ | ၇၇၄၁၁ | |
| | | ဦးစိုးနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၂၀၂ | ၃၂၁၄ | ၂၉၄၁၆ | ၃၈.၀၀% |
| | | ဦးရှင်းသန့်မောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၄၇၇ | ၅၆၇ | ၁၄၀၄၄ | ၁၈.၁၄% |
| | | ဦးကျော်မိုးနိုင် | ပြည်သူ့ပါတီ | ၁၁၀၀၂ | ၄၃၂ | ၁၁၄၃၄ | ၁၄.၇၇% |
| | | ဦးပြည့်ဖြိုးအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၆၁၄ | ၃၉၂ | ၉၀၀၆ | ၁၁.၆၃% |
| | | ဦးမျိုးမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၅၀၀ | ၃၀၈ | ၆၈၀၈ | ၈.၈၀% |
| | | ဒေါ်မြတ်သူဇာနွယ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၄၂၂ | ၂၈၁ | ၆၇၀၃ | ၈.၆၆% |
| ၄၄ | ဝမ်းတွင်းမြို့နယ် | | | ၉၉၃၀၀ | ၃၃၉၇ | ၁၀၂၆၉၇ | |
| | | ဦးမျိုးမြင့်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၇၀၃ | ၂၂၀၀ | ၃၅၉၀၃ | ၃၄.၉၆% |
| | | ဦးမောင်ကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၅၅၇ | ၄၄၅ | ၂၀၀၀၂ | ၁၉.၄၈% |
| | | ဦးစောလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၈၀၂ | ၃၇၀ | ၁၈၁၇၂ | ၁၇.၆၉% |
| | | ဦးဇော်မျိုး | ပြည်သူ့ပါတီ | ၁၂၂၀၂ | ၂၀၃ | ၁၂၄၀၅ | ၁၂.၀၈% |
| | | ဦးအောင်ကြည်မြိုင် | မျိုးဆက်သစ်ဝံသာနုပါတီ | ၉၇၆၂ | ၇၂ | ၉၈၃၄ | ၉.၅၈% |
| | | ဦးမင်းသက်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၂၇၄ | ၁၀၇ | ၆၃၈၁ | ၆.၂၁% |
| ၄၅ | သာစည်မြို့နယ် | | | ၉၅၆၆၃ | ၅၉၃၇ | ၁၀၁၆၀၀ | |
| | | ဒေါ်ကြူကြူမော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၅၁၀၆ | ၄၃၈၆ | ၄၉၄၉၂ | ၄၈.၇၁% |
| | | ဒေါ်ဖြူဖြူလှိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၃၇၅ | ၄၆၆ | ၁၅၈၄၁ | ၁၅.၅၉% |
| | | ဦးကျော်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၆၂၁ | ၄၃၅ | ၁၅၀၅၆ | ၁၄.၈၂% |
| | | ဦးအောင်ဇင်မင်း | ပြည်သူ့ပါတီ | ၈၃၈၅ | ၂၆၅ | ၈၆၅၀ | ၈.၅၁% |
| | | ဦးဇော်ဝမ်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၀၄ | ၂၆၅ | ၇၆၆၉ | ၇.၅၅% |
| | | ဦးဇော်မင်းထွေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၇၇၂ | ၁၂၀ | ၄၈၉၂ | ၄.၈၂% |
| ၄၆ | အမရပူရမြို့နယ် | | | ၁၁၀၅၇၆ | ၁၀၇၇၄ | ၁၂၁၃၅၀ | |
| | | ဦးသိန်းထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၈၆၁ | ၈၅၄၈ | ၅၀၄၀၉ | ၄၁.၅၄% |
| | | ဦးအောင်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၇၆၃ | ၆၄၂ | ၁၅၄၀၅ | ၁၂.၇၀% |
| | | ဒေါ်ထက်ထက်ဝင်း | တစ်သီးပုဂ္ဂလ | ၁၂၇၂၄ | ၂၉၈ | ၁၃၀၂၂ | ၁၀.၇၃% |
| | | ဒေါ်လွင်လွင်မာ | ပြည်သူ့ပါတီ | ၁၀၁၄၄ | ၃၃၃ | ၁၀၄၇၇ | ၈.၆၃% |
| | | ဒေါ်ဇင်မာဝင်း | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၉၅၃၈ | ၂၀၈ | ၉၇၄၆ | ၈.၀၃% |
| | | ဦးအောင်ကျော်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၈၉၇ | ၂၇၉ | ၉၁၇၆ | ၇.၅၆% |
| | | ဦးမျိုးခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၃၈၁ | ၂၉၃ | ၇၆၇၄ | ၆.၃၃% |
| | | ဦးလွင်မောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၂၆၈ | ၁၇၃ | ၅၄၄၁ | ၄.၄၈% |

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄၇ | မတ္တရာမြို့နယ် | | | ၂၉၇၅၁ | ၁၇၆၅ | ၃၁၅၁၆ | |
| | | ဦးလှမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၈၉၇ | ၁၂၈၉ | ၁၄၁၈၆ | ၄၅.၀၁% |
| | | ဦးထွန်းကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၀၆ | ၂၆၅ | ၇၆၇၁ | ၂၄.၃၄% |
| | | ဦးနေဖြိုးသန့် | ပြည်သူ့ပါတီ | ၃၅၇၈ | ၇၃ | ၃၆၅၁ | ၁၁.၅၉% |
| | | ဦးမျိုးနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၃၄ | ၁၀၁ | ၃၀၃၅ | ၉.၆၃% |
| | | ဦးအောင်ကောင်းမြတ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၉၃၆ | ၃၇ | ၂၉၇၃ | ၉.၄၃% |
| | မွန်ပြည်နယ် | | | | | | |
| ၄၈ | ဘီးလင်းမြို့နယ် | | | ၃၄၆၀၉ | ၃၃၀၁ | ၃၇၉၁၀ | |
| | | ဒေါက်တာခင်မောင်သွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၆၄၀ | ၂၀၄၈ | ၁၄၆၈၈ | ၃၈.၇၅% |
| | | ဦးသန်းထွဋ်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၁၉၆ | ၅၂၄ | ၇၇၂၀ | ၂၀.၃၆% |
| | | ဦးခင်ဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၂၈၃ | ၃၆၅ | ၆၆၄၈ | ၁၇.၅၄% |
| | | ဦးတင်အောင်နိုင် | ပြည်သူ့ပါတီ | ၄၄၄၃ | ၂၀၉ | ၄၆၅၂ | ၁၂.၂၇% |
| | | ဒေါ်စန်းစန်းအေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၄၀၄၇ | ၁၅၅ | ၄၂၀၂ | ၁၁.၀၈% |
| ၄၉ | မုဒုံမြို့နယ် | | | ၅၀၈၂၆ | ၄၅၂၆ | ၅၅၃၅၂ | |
| | | မင်းဝဏ္ဏကြီး | မွန်ညီညွတ်ရေးပါတီ | ၃၀၇၇၄ | ၁၁၇၀ | ၃၁၉၄၄ | ၅၇.၇၁% |
| | | ဦးမြင့်ရှိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၄၅၃ | ၃၀၂၄ | ၁၃၄၇၇ | ၂၄.၃၄% |
| | | ဦးခင်မောင်ဝေ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၅၂၂ | ၇၅ | ၃၅၉၇ | ၆.၅၀% |
| | | ဦးဥာဏ်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၉၄ | ၁၀၈ | ၂၁၀၂ | ၃.၈၀% |
| | | ဦးဇော်ဝင်းထွေး | ပြည်သူ့ပါတီ | ၁၉၉၀ | ၅၁ | ၂၀၄၁ | ၃.၆၉% |
| | | ဦးသိန်းထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၄၅ | ၅၅ | ၁၁၀၀ | ၁.၉၉% |
| | | ဒေါ်ဇင်မာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၄၈ | ၄၃ | ၁၀၉၁ | ၁.၉၇% |
| ၅၀ | သံဖြူဇရပ်မြို့နယ် | | | ၄၀၄၇၄ | ၄၆၈၁ | ၄၅၁၅၅ | |
| | | ဦးသန်းရွှေ | မွန်ညီညွတ်ရေးပါတီ | ၂၁၀၂၁ | ၁၂၅၄ | ၂၂၂၇၅ | ၄၉.၃၃% |
| | | ဦးကြည်ဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၀၃၇ | ၂၇၀၇ | ၁၂၇၄၄ | ၂၈.၂၂% |
| | | ဦးဟံဇော်ဝင်း | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၅၅၂ | ၂၅၈ | ၃၈၁၀ | ၈.၄၄% |
| | | ဦးမြင့်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၅၈ | ၂၆၃ | ၂၆၂၁ | ၅.၈၀% |
| | | ဦးနိုင်လင်းအောင် | ပြည်သူ့ပါတီ | ၂၂၂၅ | ၁၀၉ | ၂၃၃၄ | ၅.၁၇% |
| | | ဒေါ်လှဲ့ယဉ်ယဉ်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၈၁ | ၉၀ | ၁၃၇၁ | ၃.၀၄% |
| ၅၁ | ရေးမြို့နယ် | | | ၁၆၉၅၀ | ၃၇၃၃ | ၂၀၆၈၃ | |
| | | ဒေါ်မြင့်သန်း | မွန်ညီညွတ်ရေးပါတီ | ၁၁၁၂၅ | ၆၀၄ | ၁၁၇၂၉ | ၅၆.၇၁% |
| | | ဒေါ်သီတာမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၄၆ | ၂၉၇၈ | ၆၅၂၄ | ၃၁.၅၄% |
| | | ဦးကျော်လင်းဦး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၂၂၇၉ | ၁၅၁ | ၂၄၃၀ | ၁၁.၇၅% |
| ၅၂ | ပေါင်မြို့နယ် | | | ၆၈၉၈၇ | ၂၇၆၀ | ၇၁၇၄၇ | |
| | | ဦးဗိုလ်ဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၅၈၅၈ | ၅၇၄ | ၂၆၄၃၂ | ၃၆.၈၄% |
| | | ဦးခင်မောင်ဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၆၀၆ | ၁၆၂၅ | ၂၃၂၃၁ | ၃၂.၃၈% |
| | | ဦးလှထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၂၃၃ | ၁၉၈ | ၆၄၃၁ | ၈.၉၆% |
| | | ဦးဖုန်းမြင့် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၅၉၈၃ | ၁၅၈ | ၆၁၄၁ | ၈.၅၆% |
| | | ဦးသန့်ဇင် | ပြည်သူ့ပါတီ | ၄၈၉၄ | ၆၇ | ၄၉၆၁ | ၆.၉၂% |
| | | ဦးမင်းလွင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၁၃ | ၁၃၈ | ၄၅၅၁ | ၆.၃၄% |

## နိုင်ငံတကာသတင်း

### သီရိလင်္ကာနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းဒီဝါနှင့်ဆက်စပ်ပြီး ရေကြီးမှုကြောင့် လူပေါင်း ၂ ဒသမ ၃ သန်း ထိခိုက်ခဲ့ရ

**ကိုလံဘို ဇန်နဝါရီ ၁၅**

သီရိလင်္ကာနိုင်ငံ ကုန်းတွင်းပိုင်း၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က ဆိုင်ကလုန်းမုန်တိုင်း ဒီဝါကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပွားသဖြင့် လူပေါင်း ၂ ဒသမ ၃ သန်းခန့် ထိခိုက်ခဲ့ရကြောင်း သိရသည်။

ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် သီရိလင်္ကာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုစင်တာတို့၏ ပူးတွဲအကဲဖြတ်ထုတ်ပြန်ချက်အရ နိုင်ငံတစ်ဝန်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဆိုးရွားစွာရေကြီးနစ်မြုပ်ခြင်း၊ မြေပြိုခြင်းနှင့် အဆောက်အအုံပျက်စီးမှုတို့ဖြစ်ပေါ်ခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းသဖြင့် ဟက်တာ ၁ ဒသမ ၁ သန်းမှာ ရေကြီးနစ်မြုပ်ခဲ့ပြီး သီရိလင်္ကာနိုင်ငံမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့် ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း ဇန်နဝါရီ ၁၄ ရက်ကထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

### နာဆာမှ အာကာသယာဉ်မှူးများ ကျန်းမာရေးအခြေအနေကြောင့် စီစဉ်ထားသည့်အချိန်ထက်စော၍ ကမ္ဘာပေါ်သို့ပြန်လာ

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၅**

နိုင်ငံတကာ အာကာသစခန်းမှ အာကာသယာဉ်မှူးလေးဦးသည် ကျန်းမာရေးဆိုင်ရာ ပြဿနာကြောင့် စီစဉ်ထားသည့်အချိန်ထက်စော၍ ကမ္ဘာမြေပေါ်သို့ ပြန်လာခဲ့သည်။ ၎င်းတို့၏ အာကာသယာဉ်သည် ဇန်နဝါရီ ၁၅ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ပင်လယ်ပြင်တွင် ဆင်းသက်ခဲ့သည်။

အဆိုပါ အာကာသယာဉ်မှူးများသည် ဖေဖော်ဝါရီလလယ်ပိုင်း



သို့မဟုတ် နှောင်းပိုင်းတွင် နိုင်ငံတကာအာကာသစခန်းမှ ထွက်ခွာရန် မူလကစီစဉ်ထားခဲ့သည်။ သို့သော်လည်း အမေရိကန် အာကာသ အေဂျင်စီနာဆာက အာကာသယာဉ်မှူး တစ်ဦး၏ ကျန်းမာရေးအခြေအနေမှာ ကမ္ဘာပေါ်သို့ပြန်လည်၍ စစ်ဆေးရန် လိုအပ်လာသည့်အတွက် စီစဉ်ထားသည့် အချိန်ထက်စော၍ ပြန်ခေါ်ရန် ဆုံးဖြတ်ခဲ့သည်။

အာကာသယာဉ်မှူး လေးဦး လိုက်ပါလာသည့် Space X Dragon အာကာသယာဉ်သည် ၁၀ နာရီ ကြာခရီးနှင်ပြီးနောက် ဇန်နဝါရီ ၁၅ ရက်တွင် ကယ်လီဖိုးနီးယားကမ်းရိုးတန်းသို့ဆင်းသက်ခဲ့သည်။

၎င်းတို့သည် လွန်ခဲ့သည့်နှစ် ဩဂုတ် ၂ ရက်က နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့ပြီး မူလက အာကာသစခန်းတွင် ခြောက်လခန့်နေထိုင်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

### တရုတ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ရောင်းအား စံချိန်တင်မြင့်မား

**ပေကျင်း ဇန်နဝါရီ ၁၅**

လွန်ခဲ့သောနှစ်တွင် တရုတ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ရောင်းအားသည် အစီးရေ ၃၄ သန်းကျော်အထိ ရောက်ရှိလာပြီး စံချိန်တင်မြင့်မားလာခဲ့သည်ဟု စက်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များတွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သောနှစ်က စုစုပေါင်း မော်တော်ယာဉ်အစီးရေ ၃၄ ဒသမ ၅၃၁ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ၁၀ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ရောင်းအားတွင်လည်း တစ်နှစ်ပြီး တစ်နှစ် ၉ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခဲ့သည်ဟု တရုတ်နိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်ရေးအဖွဲ့၏ အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ရောင်းအားသည် တစ်ကမ္ဘာလုံးတွင် ၁၇ နှစ်ဆက်တိုက် ပထမဆုံးရပ်တည်နိုင်ခဲ့ကြောင်း အဆိုပါအသင်းက မှတ်ချက်ပြုပြောကြားခဲ့သည်။ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ရောင်းချမှုသည် သုံးနှစ်ဆက်အစီးရေ သန်း ၃၀ အထက်တွင် ရှိနေခဲ့သည်။

စွမ်းအင်သုံးယာဉ်သစ်များ(NEVs)၏ ထုတ်လုပ်မှုနှင့် ရောင်းအားစုစုပေါင်း၏ အစီးရေ ၁၆ ဒသမ ၆၂၆ သန်းနှင့် ၁၆ ဒသမ ၄၉ သန်း အသီးသီးဖြစ်ပြီး ထုတ်လုပ်မှုအရှိန်အဟုန် မြင့်တက်လာခဲ့သည်။ ထိုသို့ထုတ်လုပ်နိုင်ခဲ့မှုကြောင့် ကမ္ဘာ့ထိပ်တန်းနေရာကို ၁၁ နှစ်ဆက်တိုက် ထိန်းထားနိုင်ခဲ့ကြောင်း မော်တော်ယာဉ် ထုတ်လုပ်ရေးအဖွဲ့က ပြောသည်။ **ဆင်ဟွာ**



တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ်လမ်းကြောင်းပေါ်ရှိ ကင်းကျေးရွာအား ပြန်လည်ထိန်းချုပ်စဉ်။



တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ်လမ်းကြောင်းပေါ်ရှိ အုန်ဒန်ရွာနှင့် ကင်းရွာဝန်းကျင်ဒေသအား ပြန်လည်ထိန်းချုပ်။

❖ *ကျောဖုံးမှ*
လမ်းပိုင်းတွင် ခိုအောင်းနေသည့် အကြမ်းဖက် သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းပြီး မိုးကုတ်-သပိတ်ကျင်း - မန္တလေးမြို့များသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စစ်ကြောင်းများခွဲ၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဟန်ချက်ညီ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် စိန်ကုန်းကျေးရွာဘက်မှ နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီး ချီတက်လာသည့် တပ်မတော် စစ်ကြောင်းသည် အဆိုပါလမ်းကြောင်းပေါ်ရှိ အုန်ဒန်ကျေးရွာအား လည်းကောင်း၊ မိုးကုတ်မြို့ဘက်မှ နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီး ချီတက်လာသည့် တပ်မတော် စစ်ကြောင်းသည် မိုးကုတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကင်းကျေးရွာ၊ ကင်းတံတားနှင့် အဆိုပါကျေးရွာအနီးရှိ ရန်သူ့စခန်းနေရာတို့အား အသီးသီးတိုက်ခိုက်ချေမှုန်းသိမ်းပိုက်နိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါကျေးရွာများအား ယာယီစိုးမိုးထားစဉ် ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအဆောက်အအုံများနှင့် ကျေးရွာအနီးရှိ တံတားနေရာတို့တွင် ဘန်ကာများ ပြုလုပ်၍ အခိုင်အမာ ခံစစ်စခန်း တည်ဆောက်ခြင်း၊ ယာယီဂိတ်စခန်းဖွင့်လှစ်၍ ဆက်ကြေးကောက်ခံခြင်းများ ပြုလုပ်ခဲ့ကြောင်းကို တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်၌ ကျန်ရှိနေသည့် လမ်းပိုင်းအား ဆက်လက်ရှင်းလင်းနိုင်ရေး လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မိုးကုတ်-သပိတ်ကျင်း-မန္တလေးမြို့များသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက မိုးကုတ်မြို့နယ် ကင်းကျေးရွာရှိ ကင်းတံတားအား ပြန်လည်ထိန်းချုပ်စဉ်။





တပ်မတော်စစ်ကြောင်းများက ကင်းကျေးရွာအနီးရှိ ရန်သူ့အခိုင်အမာ ခံစစ်စခန်းအား သိမ်းပိုက်ရရှိစဉ်။



## ဖြူးမြို့၌ ကျောင်းကျန်းမာရေးစစ်ဆေး

**ဖြူး ဇန်နဝါရီ ၁၅**

ဖြူးမြို့နယ်၌ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်စေရေးအတွက် ရည်ရွယ်၍ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ဟောပြောပွဲများကို ဇန်နဝါရီ ၁၄ ရက်က အထကကျောင်း၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ယင်လုံအိမ်သာများ စစ်ဆေးခြင်း၊ ရေကောင်းရေသန့်ရရှိရေးနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းများပြုလုပ်၍ ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ စနစ်မှန်သွားတိုက်ခြင်း၊ စနစ်မှန်လက်ဆေးခြင်း အသိပညာပေး၍ သရုပ်ပြခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်မိုး ဦးဆောင်၍ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်သည်။

နေမျိုးလွင်(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေး ကိုယ်ကျင့်သီလ ဗဟုသုတပြိုင်ပွဲကျင်းပ

**ချောင်းဆုံ ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် (၃၈) ဖြာ မင်္ဂလာနှင့် ကိုယ်ကျင့်သီလဗဟုသုတများတိုးပွားစေရန်အတွက် World Peace Ethics Contest နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေး ကိုယ်ကျင့်သီလ ဗဟုသုတပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ချောင်းဆုံအနောက်ပိုင်းရပ်ကွက် မင်းကျောင်းသာသနာ့ဗိမာန်၌ ပြုလုပ်သည်။



အဆိုပါ ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေး ကိုယ်ကျင့်သီလ ဗဟုသုတပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်းရှစ်ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်းနှင့် မူလတန်းကျောင်း တစ်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၅၄၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး မြို့နယ်အတွင်း ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေး ကိုယ်ကျင့်သီလ ဗဟုသုတပြိုင်ပွဲကို ထိုင်းနိုင်ငံ World Peace Ethics Contest အဖွဲ့မှ ပထမအကြိမ် ကျင်းပခဲ့ကြောင်း မင်္ဂလာပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားလှယ် (တာဝန်ခံ) တစ်ဦးက ပြောသည်။

**ကိုကျော်(ချောင်းဆုံ)**



အောင်မြေသာစံမြို့နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုများ လျော့နည်းကျဆင်းလာစေရေးအတွက် ဇန်နဝါရီ ၁၅ ရက်က ပြည်လုံးချမ်းသာရပ်ကွက် ထီးရိုးဝင်းရပ်ရှိ လူနေအိမ်များကို အောင်မြေသာစံမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ရပ်ကွက်အတွင်းရှိ ပြည်သူများအား မီးဘေးလုံခြုံရေး အသိပညာပေးပြီး ရပ်ကွက်အတွင်းရှိ မီးသတ်ရေငုတ် Hydrants ခေါင်းများအား စစ်ဆေးစဉ်။ ၂၂၁

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ


**၂၀၂၆ ခုနှစ်**
**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**စက်မှုပုံဆွဲနည်းပညာ** **ဖြေဆိုချိန် (၄:၀၀ နာရီ)**
**(တတိယနှစ်)Machining Technology**

၁။ Major and Minor axes 120 mm နှင့် 80 mm အသီးသီးရှိသော Ellipse တစ်ခုကို Concentric Circles Method အသုံးပြု၍ဆွဲသားပါ။ (၁၀မှတ်)


၂။ အချင်း 50mm ရှိသော စက်ဝိုင်းသည် ချော်ခြင်းမရှိဘဲ မျဉ်းဖြောင့်အတိုင်းတစ်ပတ်လိမ့်ပါက စက်ဝိုင်း၏ စက်ဝန်းပေါ်ရှိ အမှတ် P အတွက် Cycloid မျဉ်းကွေးကို ရေးဆွဲပါ။ (၁၀မှတ်)

၃။ အခြေ၏အချင်း 40mm နှင့် အမြင့် 60mm ရှိသောထောင့်မှန်ကျ Cone တစ်ခု၏ ထိပ်စွန်းမှ 20mm အကွာတွင် ရေပြင်ညီဖြတ်ထားသော Frustum of Cone ၏ Development ကိုရေးဆွဲပါ။ (ပုံ-က) (၂၀မှတ်)




ပုံ(က)

၄။ ပုံတွင်ဖော်ပြထားသော SCREW JACK ၏ အစိတ်အပိုင်းများကိုရေးဆွဲပါ။ (၆၀မှတ်)




********************************* End of Question*********************************

**၂၀၂၆ ခုနှစ်**
**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**စက်ပစ္စည်းခုတ်စားမှုနည်းပညာ(၂)** **ဖြေဆိုချိန် (၃:၀၀ နာရီ)**
**(တတိယနှစ်)Machining Technology**

<u>အပိုင်း(၁)မေးခွန်းအားလုံးဖြေဆိုပါ။</u>

**(က) အောက်ပါကွက်လပ်များကို ဖြေဆိုပါ။** (၂၀) မှတ်

(၁) Lathe machine တွင် Taper ကို အလုပ်တစ်ခု၏ အလျားတစ်လျှောက် ---------- ပေါ်တွင် တူညီသော အတိုင်းအတာ တိုးလာမှု သို့မဟုတ် လျော့ကျမှုဟု သတ်မှတ်နိုင်သည်။

(၂) Single Start ဝက်အူရစ်တွင် Lead နှင့်-------- သည် တူညီသည်။

(၃) Helical Milling လုပ်ဆောင်ရန် Universal Milling Machine တွင် -----------၏ ထောင့်ကို ချိန်ညှိနိုင်သည်။

(၄) Face Milling Cutter သည် Face Milling လုပ်ငန်းစဉ်တွင် အသုံးပြုပြီး ----------- မျက်နှာပြင်များကို ထုတ်လုပ်ပေးသည်။

(၅) Vertical Attachment သည် Horizontal Milling Machine ကို----------- အဖြစ်သို့ ပြောင်းလဲနိုင်သည်။

(၆) Milling လုပ်ငန်းတွင် Feed ဦးတည်ဘက် (Direction of feed) ဆိုသည်မှာ Milling cutter ၏ လည်ပတ်မှုနှင့်------------ ၏ ရွေ့လျားမှုတို့ကို ရည်ညွှန်းသည်။

(၇) Milling machine တွင် Indexing mechanism ကို အလုပ်ပစ္စည်း၏ ---------- ကို ထိန်းချုပ်ရန် သို့မဟုတ် အလုပ်ကိုတိကျစွာခွဲဝေရန် အသုံးပြုသည်။

(၈) Universal dividing head အတွင်းရှိ ---------- တွင် အသွား 40 ပါရှိသည်။

(၉) Module သည် Pitch diameter နှင့် ---------- တို့၏ အချိုးဖြစ်သည်။

(၁၀) Pitch point သည် ဂီယာနှစ်ခု၏ ---------- နှစ်ခုဆုံသောနေရာဖြစ်သည်။

**(ခ) အောက်ပါတို့ကို မှန်လျှင်(မှန်)၊ မှားလျှင်(မှား) ဟုဖြေဆိုပါ။** (၁၀) မှတ်

(၁) Lathe Machine တွင် Compound Rest နည်းလမ်းဖြင့် Internal Taper နှင့် External Taper များကို ခုတ်စားရန် အသုံးပြုနိုင်သည်။

(၂) Lead သည် ဝက်အူရစ် တစ်ပတ်ပြည့် လည်ပတ်စဉ် ရှေ့သို့ တိုးသွားသော အကွာအဝေးဖြစ်သည်။

(၃) Column & Knee Type milling machines သည် အထွေထွေလုပ်ငန်းအတွက် အသုံးအများဆုံးဖြစ်သည်။

(၄) Milling machine spindle တွင် Arbor ကို တပ်ဆင်ထိန်းချုပ်ရန် Draw bar ကို အများဆုံးအသုံးပြုသည်။

(၅) Circular Work Table ကို စက်ဝိုင်းများ၊ အချင်းဝက်များ (Radii) ပုံစံများနှင့် Internal and External Gear များခုတ်စားရန် အသုံးပြုနိုင်သည်။

(၆) Form Milling လုပ်ငန်းကို ပုံမှန် Plain Milling Cutter များဖြင့် လုပ်ဆောင်နိုင်သည်။

(၇) Cutter ၏ အချင်း (D) နှင့် Spindle Speed (N) တို့မြင့်လာပါက ခုတ်စားနှုန်း (Cutting Speed) လည်း မြင့်တက်လာသည်။

(၈) Indexing Head ကို Milling Machine များတွင်သာ အသုံးပြုနိုင်ပြီး Drill Press သို့မဟုတ် Grinding Machine များတွင် အသုံးမပြုနိုင်ပါ။

(၉) Angular Indexing ဖြင့် အလုပ်ပစ္စည်းကို ဒီဂရီ၊ မိနစ် သို့မဟုတ် စက္ကန့်ဖြင့် သတ်မှတ်၍ လှည့်ပေးနိုင်သည်။

(၁၀) External Spur Gears နှစ်ခု ချိတ်ဆက်သောအခါ ၎င်းတို့၏ ဝင်ရိုးများသည် တူညီသော ဦးတည်ချက်အတိုင်း လည်ပတ်ကြသည်။

**(ဂ) အောက်ပါတို့တွင် သင့်တော်သော အဖြေမှန်ကိုရွေးချယ်ပါ။** (၁၀)မှတ်

(၁) အများအားဖြင့် Brown and Sharpe Standard Taper ကို ----------- machines တွင် အသုံးပြုသည်။
(က) Milling (ခ) Lathe (ဂ) Drilling

(၂) Unified Thread ၏ အခြေခံပုံစံတွင် အရစ်ထောင့်မှာ ------------- ရှိသည်။
(က) 60° (ခ) 45° (ဂ) 55°

(၃) Milling Table ၏မျက်နှာပြင်တွင် Workpiece သို့မဟုတ် Clamping Fixtures များတပ်ဆင်ရန်အတွက် ------------ များပါရှိသည်။
(က) T-Slot (ခ) V Grooves (ဂ) Holes

(၄) --------------- ဆိုသည်မှာ မျဉ်းကွေးနှင့် မျဉ်းဖြောင့်များ သို့မဟုတ် မျဉ်းကွေးများဖြင့် ဖွဲ့စည်းထားသည့် မျက်နှာပြင်ပုံစံများကို ခုတ်စားခြင်း လုပ်ငန်းစဉ်ဖြစ်သည်။
(က) Form milling (ခ)Plain milling (ဂ)Milling

(၅) Milling machine ပေါ်တွင် အပေါက်ချဲ့ခြင်းလုပ်ခြင်းကို ----------------- အသုံးပြု၍ လွယ်ကူစွာ လုပ်ဆောင်နိုင်သည်။
(က) drill chuck (ခ) off-set boring head (ဂ) collect chuck

(၆) Face Milling လုပ်ငန်းတွင် --------------------- ခုတ်စားသည်။
(က) အလုပ်၏ဘေးမျက်နှာပြင်ကို (ခ) Cutter ၏ ဝင်ရိုးနှင့် ထောင့်မှန်ကျ (ဂ) ဂီယာသွားများကို

(၇) Simple Indexing Head တစ်ခုတွင် Worm Wheel ၌ အသွား 40 ရှိ၍ Index Crank တစ်ပတ်လှည့်လျှင် Spindle ------------- လည်သည်။
(က) 1/20 ပတ် (ခ) 1/40 ပတ် (ဂ)1/60 ပတ်

(၈) Direct Indexing တွင် အပေါက် 24 ခုပါသော Rapid Index Plate ကိုအသုံးပြုပါက ခွဲဝေ၍မရနိုင်သော အစိတ်အရေအတွက်မှာ ------------ ဖြစ်သည်။
(က) 2 (ခ) 3 (ဂ) 5

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

စာမျက်နှာ ၁၈ မှ

(၉) Spur Gear များသည် ---------------- ဝင်ရိုးများကြားတွင် လည်ပတ်မှုနှင့် စွမ်းအားကို လွှဲပြောင်းပေးသည်။

(က) ထောင့်မှန်ကျ (ခ) ဖြတ်သန်းနေသော (ဂ) အပြိုင်

(၁၀) Module 3 mm နှင့် အသွား 30 ရှိသော ဂီယာ၏ Pitch Diameter မှာ --------------- ဖြစ်သည်။

(က)10 mm (ခ) 33 mm (ဂ) 90 mm

**<u>အပိုင်း(၂) နှစ်သက်ရာမေးခွန်း(၆)ပုဒ်သာ ဖြေဆိုပါ။</u>**

၁။ (က) Taper ခုတ်စားနည်း(၄)မျိုးကိုဖော်ပြ၍ Taper တိုင်းတာရာတွင် အသုံးပြုသော နည်းလမ်း(၂)မျိုးကို ရေးပါ။ (၆)မှတ်

(ခ) Screw thread အသုံးပြုပုံ နမူနာ (၂) ခုကိုရေးပါ။ (၄)မှတ်

၂။ (က) Milling machine အမျိုးအစား (၅) မျိုးကိုဖော်ပြပါ။ (၅)မှတ်

(ခ) Milling Cutter များ ကြာရှည်စွာ အသုံးပြုနိုင်ရန် ဂရုစိုက်ရမည့် အချက်ငါးချက်ကို ရေးပါ။ (၅)မှတ်

၃။ (က) Milling Attachments နှင့် Work Holding Devices များ၏ ကွာခြားချက်ကိုရှင်းပြပါ။ (၆)မှတ်

(ခ) Machine လုပ်ငန်းတွင် အသုံးပြုသော ဖမ်းကြပ်ကိရိယာ(၄)မျိုးကိုဖော်ပြပါ။ (၄)မှတ်

၄။ (က) Milling machine ဖြင့် လုပ်ဆောင်နိုင်သော လုပ်ငန်းအမျိုးအစား(၆)ခုကိုဖော်ပြပါ။ (၆)မှတ်

(ခ) Plain milling နှင့် Face milling ဆောင်ရွက်ပုံခြားနားချက်ကိုရေးပါ။ (၄)မှတ်

၅။ (က) Cutting speed ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်(၅)ချက်ကိုဖော်ပြပါ။ (၅)မှတ်

(ခ) အချင်း 75 mm အသွား ၆ ခုပါသော Helical Carbide Milling Cutter ဖြင့် သံကြွပ် (Cast Iron) ကို ခုတ်စားရန် တစ်မိနစ်ကျွေးနှုန်း (Feed Rate) ကို mm ဖြင့် တွက်ချက်ပေးပါ။ (CS= 60 meter/min နှင့် feed 0.025 mm per tooth ဖြစ်သည်။) (၅)မှတ်

၆။ (က) Indexing method ငါးမျိုးကို ဖော်ပြပါ။ (၅)မှတ်

(ခ) အလုပ်ပစ္စည်း၏ပတ်လည်မျက်နှာပြင်တွင်မြောင်း ၁၂ ခုအညီအမျှ စိတ်ပိုင်းရန် Index Crank ကို လှည့်ပေးရမည့် အပတ်အရေအတွက်ကို ရှာဖွေပါ။(ဖော်ပြထားသော Index Plate များမှ ရွေးချယ်အသုံးပြုပါ)။ (၅)မှတ်

| | |
|---|---|
| Index Plate – 1 | 15, 16, 17, 18, 19, 20 |
| Index Plate –2 | 21, 23, 27, 29, 31, 33 |
| Index Plate –3 | 37, 39, 41, 43, 47, 49 |

၇။ (က) Spur gear ဆိုသည်မှာ အဘယ်နည်း။ Spur Gear ခုတ်စားသည့်နည်းလမ်း(၃)ခုကိုဖော်ပြပါ။ (၅)မှတ်

(ခ) 10 DP cutter ဖြင့် 40 teeth spur gear တစ်ခုကို ခုတ်စားရန်လိုအပ်သော အောက်ပါအတိုင်း အတာများကို တွက်ချက်ပါ။ (၅)မှတ်

(i) Outside Diameter
(ii) Addendum
(iii) Dedendum
(iv) whole depth of tooth
(v) Chordal Thickness

****************************************End of Question****************************************

---

**၂၀၂၆ ခုနှစ်**
**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ဂဟေဆက်နည်းပညာ(၂)** **ဖြေဆိုချိန်(၃:၀၀ နာရီ)**
**(တတိယနှစ်)Machining Technology**

**<u>အပိုင်း(၁)မေးခွန်းအားလုံးဖြေဆိုပါ။</u>**

**(က) အောက်ပါကွက်လပ်များကိုဖြေဆိုပါ။ (၂၀)မှတ်**

(၁) လောင်စာဓာတ်ငွေ့သည် အခြေခံအားဖြင့် ------------------ ပါဝင်သောလောင်ကျွမ်းနိုင်သည့် ဓာတ်ငွေ့ ဖြစ်သည်။

(၂) နော်ဇယ်သန့်စင်သည့်ကိရိယာ (Nozzle Cleaners) များသည် ------------ ဖြင့် ပြုလုပ်ထားသော ဝါယာကြိုးတိုများဖြစ်သည်။

(၃) ကာဗွန်များသော မီးတောက် (Carburizing Flame) တွင် လောင်စာဓာတ်ငွေ့ပမာဏသည် ----------------- ပမာဏထက် ပိုများနေသော လောင်ကျွမ်းမှုနည်းသည့် မီးတောက်ဖြစ်သည်။

(၄) Seam Welding ဂဟေဆက်ခြင်းသည် ---------- ဂဟေဆက်ခြင်း၏ ပုံစံတစ်မျိုးဖြစ်သည်။

(၅) Flash Butt ဂဟေဆက်ခြင်းနည်းပညာကို --------------- ထုတ်လုပ်မှုလုပ်ငန်းတွင် အများဆုံး အသုံးပြုသည်။

(၆) TIG welding တွင် အကာအကွယ်ဓာတ်ငွေ့ လိုအပ်ပြီး အများအားဖြင့် စင်ကြယ်သော -------- သို့မဟုတ် helium နှင့် ရောစပ်ထားသော argon ကို အသုံးပြုသည်။

(၇) MIG ဂဟေဆော်ခြင်းတွင် ----------- ကို အလိုအလျောက်ပို့ပေးပြီး လျှပ်ကူးတံအဖြစ် အသုံးပြုသည်။

(၈) Nozzle အရွယ်အစားသည် ---------- စီးဆင်းနှုန်းနှင့် ကိုက်ညီသင့်သည်။

(၉) အပူဖြင့်ဖြတ်ခြင်းသည် အရေးကြီးသော ----------- လုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်သည်။

(၁၀) နိုက်ထရိုဂျင်ကို ပလာစမာဓာတ်ငွေ့အဖြစ်သာမက --------------- ဓာတ်ငွေ့အဖြစ်လည်း အသုံးပြုနိုင်ပြီး ပိုမိုသန့်စင်သော ဖြတ်အနားစောင်းကို ရရှိစေနိုင်သည်။

**(ခ) အောက်ပါတို့ကို မှန်လျှင်(မှန်)၊ မှားလျှင်(မှား) ဟုဖြေဆိုပါ။ (၁၀)မှတ်**

(၁) Oxidizing Flame သည် သတ္တုအများစုအတွက် မသင့်တော်လည်း ကြေးညို (Brass) နှင့် ကြေးဝါ (Bronze) များတွင် အသုံးပြုရန်အတွက် သင့်လျော်သည်။

(၂) အက်ဆီတလင်း Cylinder တစ်လုံး၏ အတွင်းဖိအားမှာ အောက်ဆီဂျင်Cylinder ၏အတွင်းဖိအားထက် လွန်စွာ နိမ့်သည်။

(၃) ကြားနေမီးတောက်(Neutral Flame)ကြောင့် ပင်ရင်းသတ္တုတွင် ကာဗွန်ကြွင်းကျန်စေခြင်း (Carburizing) နှင့် ဓာတ်တိုးစေခြင်း (Oxidizing) မရှိပေ။

(၄) Upset Welding အတွက် အသုံးပြုသော စက်ကိရိယာများသည် Flash Welding နှင့် အလားသဏ္ဍာန်တူသည်။

(၅) Flash Butt Welding သည် သတ္တုချောင်းနှစ်ခုကို အရည်ပျော်နိုင်သောအခြေအနေသို့ ရောက်ရှိအောင် ပူပေးပြီး တွန်းတိုက်၍ ဖိအားပေးကာ တွဲဆက်စေသော ဂဟေဆက်နည်းဖြစ်သည်။

(၆) TIG Welding တွင် အကာအရံဓာတ်ငွေ့ (Shielding Gas) အဖြစ် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို အဓိက ထား အသုံးပြုသည်။

(၇) MIG ဂဟေဆက်ခြင်းသည် TIG ဂဟေဆက်ခြင်းနှင့် ဆင်တူသော်လည်း Consumable Electrode Wire ကိုအသုံးပြုသည်။

(၈) MIG ဂဟေဆက်ပြီးနောက် ဂဟေချော်များကို ခြစ်ထုတ်ရန် လိုအပ်သောကြောင့် သန့်ရှင်းရေးလုပ်ငန်း ပိုမိုလုပ်ဆောင်ရသည်။

(၉) Air Plasma Arc Cutting သည် လေကို အလုပ်လုပ်သည့်ဓာတ်ငွေ့အဖြစ် အသုံးပြုသော ပေါင်းစပ်နည်းလမ်းတစ်ခုဖြစ်သည်။

(၁၀) Plasma Cutter များသည် လျှပ်စစ်ဓာတ်အား အနည်းငယ်သာသုံးစွဲသောကြောင့် စွမ်းအင်ချွေတာနိုင်သည်။

**(ဂ) အောက်ပါတို့တွင် သင့်တော်သောအဖြေမှန်ကိုရွေးချယ်ပါ။ (၁၀)မှတ်**

(၁) Cylinder မှထွက်လာသည့် ဓာတ်ငွေ့၏ဖိအားကို လျှော့ချပြီး ဂဟေဆက်နေစဉ် တစ်ချိန်လုံး တည်ငြိမ်သောနှုန်း တစ်ခုဖြင့် ဆက်တိုက် ပို့လွှတ်နိုင်ရန်အတွက် ---------- ကို အသုံးပြုရသည်။

(က) Pressure Regulator (ခ) Welding Blowpipe (ဂ) Hose

(၂) အက်ဆီတလင်းနှင့် အောက်ဆီဂျင်ကို ---------- အချိုးဖြင့် ရောစပ်လိုက်သောအခါ ကြားနေမီးတောက် (Neutral Flame) ကိုရသည်။

(က) ၁ : ၁.၁ (ခ) ၂ : ၁.၁ (ဂ) ၁ : ၂.၁

(၃) နော်ဇယ်ကိုအချိန်ကြာမြင့်စွာ အသုံးပြုနိုင်ရန်နှင့် စွမ်းဆောင်ရည်ကောင်းနေစေရန် တင်ရှိနေသော ကာဗွန်ဂျိုးများကို --------------- ဖြင့် ပုံမှန်သန့်ရှင်းရေး ပြုလုပ်ပေးသင့်သည်။

(က) Nozzle Cleaner (ခ) Igniter (ဂ) Welding Blowpipe

(၄) Spot Welding လုပ်ငန်းစဉ်တွင် အလုပ်ဝတ္ထုများကို ------------ နှစ်ခုကြားတွင်ဖိထားပြီး မြင့်မားသော လျှပ်စီးကြောင်းနှင့် နိမ့်သောဗို့အားကို ဖြတ်သန်းစေသည်။

(က) Copper Electrode (ခ) Roller Electrode (ဂ) Jaw

(၅) Seam Welding တွင် လည်ပတ်နိုင်သော ------------- များကို အသုံးပြု၍ ဖိအားနှင့် လျှပ်စီးကြောင်းကို သက်ရောက်စေပြီး သတ္တုများကို အရည်ပျော်စေကာ ဂဟေဆက်ပေးသည်။

(က) Roller Type Electrodes (ခ) Tongs (ဂ) Spindle

(၆) TIG Welding တွင် အသုံးပြုသော Electrode အမျိုးအစားမှာ -------------ဖြစ်သည်။

(က) ကြေးနီ Electrode (ခ) တန်စတင် Electrode (ဂ)ကာဗွန်သံမဏိ Electrode

(၇) TIG Welding တွင် အကာအရံဓာတ်ငွေ့အဖြစ် အသုံးမပြုသင့်သောဓာတ်ငွေ့မှာ---------ဖြစ်သည်။

(က) အာဂွန် (ခ) ဟီလီယမ် (ဂ) ကာဗွန်ဒိုင်အောက်ဆိုဒ်

(၈) MIG ဂဟေဆက်ရာတွင် Contact Tube ၏အဓိကလုပ်ဆောင်ချက်မှာ -----------------ဖြစ်သည်။

(က)အကာအရံဓာတ်ငွေ့ကိုထိန်းချုပ်ရန် (ခ)ဂဟေဝါယာကြိုးကိုလျှပ်စစ်ဓာတ်ပေးရန်
(ဂ) ဂဟေပျော်ရည်ကန်ကို အေးစေရန်

(၉) Oxy–acetylene Cutting တွင် အသုံးပြုသော ဓာတ်ငွေ့နှစ်မျိုးမှာ ------------- ဖြစ်သည်။

(က)အောက်ဆီဂျင်နှင့်နိုက်ထရိုဂျင် (ခ)အောက်ဆီဂျင်နှင့်အက်ဆီတလင်း (ဂ) ဟီလီယမ်နှင့်အာဂွန်

(၁၀) Plasma Cutting ၏ အားနည်းချက်တစ်ခုမှာ ------------------ ဖြစ်သည်။

(က)ဖြတ်တောက်မှုအရှိန်နှေးကွေးခြင်း (ခ)ပါးလွှာသောသတ္တုများကို မဖြတ်တောက်နိုင်ခြင်း
(ဂ) ကုန်ဆုံးလွယ်ပစ္စည်းများ (Consumables) လိုအပ်ခြင်းနှင့် စွမ်းအင်သုံးစွဲမှုများခြင်း

**<u>အပိုင်း(၂) နှစ်သက်ရာမေးခွန်း(၆)ပုဒ်သာ ဖြေဆိုပါ။</u>**

၁။(က) Oxy–acetylene Gas Welding ဆိုသည်မှာအဘယ်နည်း။ (၅)မှတ်

(ခ) Oxy–acetylene Welding Equipment များမှ(၅)ခုကိုဖော်ပြပါ။ (၅)မှတ်

၂။ (က) Pressure Regulator ၏ အဓိကအစိတ်အပိုင်း(၄)ခုကိုဖော်ပြပါ။ (၄)မှတ်

(ခ) Oxy–acetylene Welding ၏ အားသာချက်နှင့် အားနည်းချက်(၃)ခုစီကိုရေးပါ။ (၆)မှတ်

၃။(က) Resistance Welding အမျိုးအစား(၄)မျိုးကိုဖော်ပြပါ။ (၄)မှတ်

(ခ) Resistance Spot Welding ၏ အားသာချက်နှင့် အားနည်းချက်(၃)မျိုးစီကိုဖော်ပြပါ။ (၆)မှတ်

၄။(က) TIG welding ဟူသည်အဘယ်နည်း။ (၅)မှတ်

(ခ) TIG ဂဟေဆော်ခြင်းအတွက် အသုံးပြုသော ပစ္စည်းကိရိယာ(၅)မျိုးကိုဖော်ပြပါ။ (၅)မှတ်

၅။(က) MIG welding ၏ အခြေခံသဘောကိုရှင်းပြပါ။ (၄)မှတ်

(ခ) MIG welding ၏ အားသာချက်နှင့် အားနည်းချက်(၃)ခုစီရေးပါ။ (၆)မှတ်

၆။(က) MIG welding အတွက် လိုအပ်သောပစ္စည်းကိရိယာ(၅)မျိုးကိုဖေါ်ပြပါ။ (၅)မှတ်

(ခ) Plasma cutting တွင် အသုံးပြုသော သတ္တုပစ္စည်း(၅) မျိုးကိုဖော်ပြပါ။ (၅)မှတ်

၇။(က) Plasma cutting တွင် အသုံးပြုသော ဓာတ်ငွေ့(၄)မျိုးကို ဖော်ပြပါ။ (၄)မှတ်


(ခ) Plasma cutting တွင်သတိထားရမည့် ဘေးအန္တရာယ်များကို ဖော်ပြပါ။ (၆)မှတ်

****************************************End of Question****************************************

◆ *ကျောဖုံးမှ*

သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်များအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တွင် ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာသုံးခုသည် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပင်ရင်းနေရာများဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ သိမ်းဆည်းရမိမှုများနှင့် ဆက်စပ်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များက လေကြောင်းကင်းထောက်ခြင်းနှင့် မြေပြင်သတင်းစုံစမ်း ဖော်ထုတ်ခြင်းနှင့် နယ်မြေရှင်းလင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၏ အနောက်မြောက်ဘက် ၃၄ ကီလိုမီတာခန့်အကွာ၊ နားလင်းကျေးရွာ၏အရှေ့မြောက်ဘက် ၁၄ ကီလိုမီတာခန့်အကွာယခင် သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါး အဓိကထုတ်လုပ်သည့်နေရာ၏ မြောက်ဘက် ၂ ဒသမ ၅ ကီလိုမီတာခန့်အကွာ၌ မသင်္ကာဖွယ်ရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ တွေ့ရှိရ၍ သွားရောက်ရှင်းလင်းခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုရသည့် ဆက်စပ်ပစ္စည်းများဖြစ်သော အမျိုးအစားစိစစ်ဆဲ အက်ဆစ်များ ထည့်ထားသည့် ပုံးပြားအလုံး ၃၅၀၀ နှင့် သံပီပါ ၅၀၇ လုံး၊ ဂတ်စ်အိုး ၂၄၃ လုံး၊ မီးစက်နှစ်လုံး၊ ဆေးပြားရိုက်စက်ကိုးလုံး၊ မသင်္ကာဖွယ်ရာ Happy Water ထုတ်လုပ်သည်ဟု ယူဆရသော စက်ရုံဂိုဒေါင် တစ်လုံး၊ ဆေးပြားအခြောက်ခံဗန်း ၅၀၊ လူနေတဲ ၁၂ လုံး၊ အက်စစ်ပုံးထားသည့် ဂိုဒေါင်ခုနစ်လုံး၊ ဖန်ပေါင်းချောင်များဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် တဲတစ်လုံး၊ ပစ္စည်းထည့် ဂိုဒေါင်သုံးလုံး၊ မူးယစ်ဆေးဝါး ထုတ်လုပ်သည့် ကုန်ကြမ်းများထားရှိသည့် ဂိုဒေါင်နှစ်လုံးနှင့် ရိက္ခာဂိုဒေါင်နှစ်လုံးတို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး မူးယစ်ဆေးဝါး ချက်လုပ်သည့် နေရာအား လုပ်ငန်းသုံး ပစ္စည်းများ နှင့်အတူ ထပ်မံသိမ်းဆည်း ရမိမှု။

အဆိုပါသိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ပညာရှင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖောက်ခွဲ ဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါဒေသတစ်ဝိုက်အားလည်း မသင်္ကာဖွယ် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများ ရှိနိုင်သေးသဖြင့် နယ်မြေဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများရရှိပါကလည်း တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန် လိုအပ်ကြောင်းနှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါး ဖြစ်စဉ်များတွင် အဓိက ပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သီပေါမြို့နယ် နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကိုချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ။



သီပေါမြို့နယ် နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသည့် ထုပ်ပိုးခွံများ။



သီပေါမြို့နယ် နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသော ဟက်ပီးအိုင်အိုဒင်းဆားစာသားပါ အပြာရောင်အထုပ်နှင့် စိစစ်ဆဲ အဖြူရောင်အစေ့များ။



သီပေါမြို့နယ် နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကိုချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ။



သီပေါမြို့နယ် နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသော စိစစ်ဆဲ အရည်များထည့်ထားသော အဖြူရောင်ပုံးများ။



သီပေါမြို့နယ် နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသော စိစစ်ဆဲ အပြာရောင်အိတ်များ။

❍ *ကျောဖုံးမှ*

အာဆင်နယ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ၂၀၂၀ နောက်ပိုင်း ဗိုလ်လုပွဲသို့ တစ်ကျော့ပြန်တက်လှမ်းနိုင်မည့် အခွင့်အရေးကို ပိုင်ဆိုင်ခဲ့ခြင်းလည်းဖြစ်သည်။ နည်းပြ အာတီတာ၏ အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် ခြေစွမ်းတည်ငြိမ်မှုနှင့်အတူ ရလဒ်ကောင်းရရှိနေသည့် အသင်းဖြစ်ပြီး ပရီမီယာလိဂ်တွင် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ထို့အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နောက်တစ်ဆင့်တက်ရေး အခွင့်အရေးကောင်းပိုင်ဆိုင်ထားပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း စတုတ္ထအဆင့် တက်လှမ်းထားနိုင်သည်။ ချယ်ဆီးအသင်းသည် အာဆင်နယ်အသင်းကို ခြေစွမ်းအသာဖြင့် ကစားထားနိုင်ခြင်းမရှိဘဲ ပြိုင်ဘက်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်အများစု ဟန့်တားကာကွယ်ခဲ့ရသည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ဗိုက်ယိုကာရက်စ်နှင့် ဇူဘီမန်ဒီတို့က သွင်းယူပေးပြီး ချယ်ဆီးအတွက် သွင်းဂိုးများကို ဂါနာချိုတစ်ဦးတည်းက သွင်းယူပေးခဲ့သည်။ အာဆင်နယ်နှင့် ချယ်ဆီးအသင်းတို့၏ အီးအက်ဖ်အယ်ဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို လာမည့် ဖေဖော်ဝါရီ ၄ ရက်တွင် အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**



ရောဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် ကာရာအိုကေဆိုင်များ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို မြောင်းမြမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။ ဇေယျာ(မြောင်းမြ)

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်(**မူရင်း**)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၈ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/6766 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဖြူဖြူအိ ၉/ညဥနု(နိုင်)၁၁၃၉၃၁ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 69W/01503, Honda PCX 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၄/ပသန(နိုင်) ၃၇၅၃၆၂က ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၁၈၂) ၊ အကျယ်အဝန်း အလျားပေ (၄၀) x အနံပေ (၆၀)၊ မြေဧရိယာ စတုရန်းပေ(၂၄၀၀) ရှိ ဒေါ်မေသီလင်း (T/ RGN-၀၀၄၄၈၄) အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်၏ မြေချပါမစ်မူရင်း အရပ်ကတိစာချုပ် အဆက်စပ်မူရင်းများအပါအဝင်မြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ဖြိုးဝေ (၁၂/လသန(နိုင်)၀၂၂၄၉၂) ကသာတရားဝင် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ဖြိုးဝေလက်ရှိထားပိုင်ဆိုင်လျက်ရှိသော ဖော်ပြပါမြေကွက်အား အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်မရှိပါကြောင်းနှင့် မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းများမပြုလုပ်ပါရန်နှင့်ထိုသို့ပြုလုပ်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ် ကြောင်းလွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသက်ဖြိုးဝေ**
**(၁၂/လသန(နိုင်)၀၂၂၄၉၂**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်စန်းမော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၁၀၈)**
**ရှေ့နေများရုံးခန်း၊ အင်းစိန်စုပေါင်းရုံးဝင်း၊**
**အင်းစိန်မြို့နယ်၊ ဖုန်း – ၀၉–၂၅၂၉၂၇၁၁၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၀) ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် (၅၇၁)၊ ဒေါ်မြင့်ရီ (ပါမစ်) အမည်ပေါက် (အလျား ပေ၆၀ x အနံ ပေ၂၀)၊ ခြေရင်းဘက်ခြမ်းရှိ ခြံ၊ မြေအားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး လက်ရှိထားပိုင်ဆိုင်သူ ဒေါ်သင်းသင်းယု (၁၂/ဥကမ(နိုင်)၁၄၂၉၇၃) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းမင်း (၁၂/သဃက(နိုင်)၀၉၂၉၈၅) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသည့် မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေမျိုးကြည် LL.B,CBL,DBL,DIL**
**အထက်တန်းရှေ့နေ (စဉ်–၃၃၂၈၆/၂၀၁၀)**
**အမှတ် (၃၂၅)၊ ခေမာ (၁) လမ်း၊ (ဌ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၉၉၄၇၇၆၇၁**

## သက်ဆိုင်သူများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ဇာမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်သည်မှာ –

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်တင်ဇာမိုးသည် မည်သည့်ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းထံမှ ငွေကြေးတစ်စုံတစ်ရာကိုမျှ ချေးငှားရယူဖူးခြင်းမရှိခဲ့ပါ။ ထို့ပြင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုအတွက်သော်လည်းကောင်း၊ ငွေကြေးအာမခံမှု တစ်စုံတစ်ရာလည်း ပြုလုပ်ခဲ့ဖူးခြင်းမရှိသလိုပေးကမ်းထားခြင်းများလည်းမရှိပါ။ သို့သော် လူမှုကွန်ရက်စာမျက်နှာ (Facebook) ပေါ်မှတစ်ဆင့် "Shar Lay" ဟူသော အကောင့်များအပါအဝင် အခြားအကောင့်များဖြင့် ကျွန်ုပ်မိတ်ဆွေ၏လုပ်ငန်းနှင့် ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေခြင်းများနှင့် နစ်နာမှုပေါ်ပေါက် စေရန်အလို့ငှာ မမှန်မကန် Post များတင်၍လည်းကောင်း၊ မမှန်မကန် Comment များ ရေး၍လည်းကောင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ကျွန်ုပ်မိတ်ဆွေအပေါ်ပြုလုပ်ကျူးလွန်လျက်ရှိနေကြောင်း သိရပါသည်။ ထို့ကြောင့် ဆက်သွယ်မှုကွန်ရက်ကို အသုံးပြု၍ ကျွန်ုပ်မိတ်ဆွေ၏ အသရေကိုပျက်စေခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ထပ်မံမပြုလုပ်ရန်အတွက် သက်ဆိုင်သူများသိစေရန် တားမြစ်သတိပေးအပ်ပါသည်။ အခြားမသက်ဆိုင်သော ပုဂ္ဂိုလ်များအနေဖြင့်လည်း ကျွန်ုပ်မိတ်ဆွေ ထိခိုက်နစ်နာစေရန် မမှန်မကန်ရေးသား တင်ပြထားသည့် Postများကို Share ခြင်း၊ Reactionပေးခြင်း၊ Commentများဝင်ရောက်ရေးသားခြင်းမပြုလုပ်ကြပါရန် မေတ္တာရှေ့ထား၍ အသိပေးအပ်ပါသည်။ အကယ်၍ ကျွန်ုပ်မိတ်ဆွေအပေါ် ထပ်မံကျူးလွန်မှုများ ပေါ်ပေါက်လာပါက ပါဝင်ပတ်သက်သူ အားလုံးကိုတည်ဆဲဥပဒေများအရအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း သက်ဆိုင်သူများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကျော်ဦး (LL.B)**
**DL–101 WIPO (Switzerland) အထက်တန်းရှေ့နေ(စဉ် – ၅၄၀၇၀)**
**ဖုန်း – ၀၉–၄၂၃၂၀၄၄၄၂၊ ၀၉–၇၉၈၃၆၆၄၄၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မြေဧရိယာ (၀ဒသမ၁၁၀) ဧကရှိ မြေကွက်အမှတ် (ပ–၂၃၄၂၇)ကို အမည်ပေါက် ဒေါ်စွဲ့လန်းဆိုင် (ဘ) ဦးစဝ်နွယ်ဆားတော် ၁/မကန(နိုင်)၀၁၄၇၅၈ မှ ဦးအောင်ပိုင် (ဘ) ဦးသိန်းသန်း၁၂/သလန(နိုင်)၀၇၃၇၁၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူ မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ညောင်ရွှေမြို့နယ်၊ သလဲဦးကျေးရွာအုပ်စု အင်းလေးဒေသဟိုတယ်ဇုန်ရှိ စက်မှုစီးပွားမြေငှားဂရန် ရရှိပြီးဖြစ်သည့် မြေကွက်များအတွက် မြေခွန်တော်ပေးဆောင်ရန် ကျန်ရှိနေသည့် ပုဂ္ဂိုလ်များသိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် အသိပေးကြေညာခြင်း

(၁) ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ သလဲဦးကျေးရွာအုပ်စု၊ အင်းလေးဒေသဟိုတယ်ဇုန်ကွင်း၊ ကွင်းအမှတ် (၁၉၅) အတွင်း စက်မှုစီးပွားမြေငှားဂရန်ရရှိပြီးသည့် အောက်ဖော်ပြပါမြေကွက် (၇) ကွက်အား အမည်ပေါက် ပိုင်ဆိုင်ထားသည့် လုပ်ငန်းရှင် (၇) ဦးမှ ၂၀၁၈–၂၀၁၉၊ ၂၀၁၉– ၂၀၂၀၊ ၂၀၂၀–၂၀၂၁၊ ၂၀၂၁–၂၀၂၂၊ ၂၀၂၂–၂၀၂၃၊ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ် တို့အတွက် မြေခွန်တော်ထမ်းဆောင်ရန် ပျက်ကွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(က) ဦးပြည့်ဖြိုးပိုင်၊ ၁၂/သဆက(နိုင်)၁၅၇၁၂၈၊ ဦးပိုင်အမှတ်(၂)၊ (၁ဒသမ၂၀)ဧက၊ (ခ) ဦးကျော်စိန် ၁၂/ဒဂန(နိုင်)၃၅၂၀၁၅၊ ဦးပိုင်အမှတ်(၇)၊ (၄ဒသမ၈၁) ဧက၊ (ဂ) ဦးရှောက်ချိန် ၉/မမန(နိုင်) ၀၀၁၀၅၀၊ ဦးပိုင်အမှတ်(၂၁)၊ (၃ဒသမ၀၀)ဧက၊ (ဃ) ဦးဗညားဇော်၊ ဦးပိုင်အမှတ်(၃၁)၊ (၃ဒသမ၇၃)ဧက၊ (င) ဦးကျော်စိုးလွင် ၉/မရတ(နိုင်)၀၅၉၇၈၃၊ ဦးပိုင်အမှတ်(၅၀)၊ (၆ဒသမ၀၄)ဧက၊ (စ) ဒေါ်သီတာလွင် ၁၂/ဗဟန(နိုင်)၀၅၂၅၈၆၊ ဦးပိုင်အမှတ်(၆၉)၊ (၆ဒသမ၁၀)ဧက၊ (ဆ) ဦးကျော်မိုးနိုင်၊ ၁၂/အလန(နိုင်)၀၀၁၀၁၆၊ ဦးပိုင်အမှတ် (၇၇)၊ (၅ဒသမ၉၆) ဧက၊

(၂) အထက်အပိုဒ်ပါလုပ်ငန်းရှင် (၇) ဦးသည် မြေခွန်တော်ထမ်းဆောင်ရန် အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း ယခုအချိန်ထိ လာရောက်ပေးဆောင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် မြေခွန်တော်အား (၁၅–၃–၂၀၂၆)ရက် ရုံးချိန်အတွင်း ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အခွန်ငွေများအပြေအကြေလာရောက်ပေးဆောင်ရန် အကြောင်းကြားပါသည်။

(၃) သတ်မှတ်ရက်အတွင်း လာရောက်ပေးဆောင်ခြင်းမရှိဘဲ မြေခွန်တော်ပေးဆောင်ရန် ဆက်လက်ပျက်ကွက်နေပါက မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညောင်ရွှေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောခရိုင်**

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့၊ အမှတ် (၁)၊ ပိတောက်မြိုင်ရပ်နေ ဦးကျော်ဆန်းလင်း၏ သား အထက (အရာတော်) Grade–3 မှ မောင်ကောင်းသန့်စင်အား မောင်ကောင်းထက်မင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းထက်မင်း**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက (၂) မြဝတီ၊ Grade (4) မှ မယွန်းရွှေရတီ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်အောင် ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်အောင်**

## အမည်ပြောင်း

(ဘ) ဦးမင်းဇော်၏သား၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက (၁) မြဝတီ Grade (8) (အဖြူ) ခန်းမှ စောလင်းအာရုံအား စောရှိုင်းလင်းသစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**စောရှိုင်းလင်းသစ်**

## မိဘအမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ပညာရွှေဖူး ကိုယ်ပိုင်အလယ်တန်းကျောင်း Grade–7 မှ မမိုးပြည့်လှိုင်း၏ မိဘအမည်မှန်မှာ ဦးမိုးဦးနှင့် ဒေါ်မာလာဖြူ ဖြစ်ပါကြောင်း။

**ဦးမိုးဦးနှင့် ဒေါ်မာလာဖြူ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဘုံရှည်ကုန်းကျေးရွာ၊ ညောင်ပင်သာလမ်း၊ အမှတ်–၈/၃၇ ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၁၂) ပေ x အနံ ပေ(၁၁၀) ရှိမြေကွက်နှင့် ယင်းမြေနှင့်တစ်ဆက်စပ်တည်းဖြစ်သည့် မြေကွက်၏ အလယ်အစိတ်အပိုင်းရှိအကျယ်အဝန်း (၁၄) ပေ x အနံ (၅၅) ပေရှိ မြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသောနေအိမ် (၁) လုံး၊ ဆိုင်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြင့်မြင့်ဝင်း (၁၂/မရက (နိုင်) ၀၆၂၃၃၆)၊ ဒေါ်ဌေးဌေးဝင်း (၁၂/မရက(နိုင်)၀၆၂၃၂၉)၊ ဒေါ်အေးအေးမြင့် (၁၂/မရက(နိုင်)၁၁၃၅၁၇) တို့မှ တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း တစ်စုံတစ်ရာ မရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဆန်းဝင်း (၁၁/စတန(နိုင်)၀၆၈၀၈၂) က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဆန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်စန်းမော် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် ၁၂၁၀၈)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း – ၀၉ ၂၅၂၉၂၇၁၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/စီ)၊ မြေကွက်အမှတ် ပထမတန်းစား (၂)၊ (၃)၊ မြေကွက်တည်နေရာ အမှတ် - ၇၁၅/၇၁၉ ကုန်သည်လမ်း၊ အမှတ် - ၂၈၂/၂၈၈ ကမ်းနားလမ်းနှင့် အမှတ် - ၇၁၁/၇၁၃ ကုန်သည်လမ်း၊ အမှတ်- ၂၇၆၊ ကမ်းနားလမ်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ လေးထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးထွန်းမှ ရန်ကုန်အနောက်ပိုင်းခရိုင်၊ တရားရုံးတော်၏ တရားမကြီးမှုအမှတ်-၃၉၉/၂၀၁၆ ဖြင့် မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံးတော်မှ ၂၉-၃-၂၀၁၉ ရက်က အမိန့်နှင့်အနိုင်ဒီကရီ ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယင်းအမိန့်ဒီကရီကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်စာချုပ်အမှတ် (၅၈၃၈/၂၀၁၉)ဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားပြီးလည်းဖြစ်ပါသည်။ ယင်းအမိန့်ဒီကရီကို တရားရုံးတော်တွင် အတည်ပြုဆောင်ရွက်လျက်ရှိနေပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးထွန်းမှ ၂၅-၁၂-၂၀၂၄ ရက်တွင် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၁) တွင် သက်ဆိုင်သူများနှင့် အများသိစေရန်ကြော်ငြာကိုလည်း ထည့်သွင်းကြေညာထားပြီးဖြစ်ပါသည်။ ထို့အတွက်ကြောင့် အဆိုပါမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို တခြားသူတစ်ဦးအား တိုက်ခန်းများကိုတစ်ဆင့်လွှဲပြောင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ရုံးတော်တစ်ခုခုတွင် အာမခံတင်သွင်းခြင်း၊ ပေးကမ်းစွန့်ကြဲထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အဆောက်အအုံတွင်နေထိုင်သူများအနေဖြင့် မိမိတို့နေထိုင်လျက်ရှိသော အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ခန်းများကိုဖြစ်စေ၊ ပြုပြင်မွမ်းမံပြင်ဆင်ခြင်း၊ မူလအတိုင်းမဟုတ်ဘဲ အထပ်တိုးမြင့်ခြင်းစသည်တို့ကို မပြုလုပ်ကြပါရန် အဆောက်အအုံတွင် နေထိုင်ကြသူများနှင့် အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆောက်အအုံတွင် နေထိုင်ကြသူများနှင့် အများသိစေရန် သတိပေးတားမြစ်အပ်ပါသည်။

**ဦးမျိုးထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းကြည်မေ (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**စဉ် - ၇၃၂၁ (၈-၂-၂၀၀၅)**
**အမှတ် ၁၁၂ (မြေညီ)၊ ပတ္တမြားလမ်း၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်**
**ဖုန်း-၀၉-၄၄၀၇၁၉၀၉၇**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/84214
ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၁၂/လကန(နိုင်)၁၃၉၄၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ချင်းပြည်နယ်ရုံး(ဟားခါး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/24905
ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမျိုး ၇/အတန(နိုင်)၀၆၁၀၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တလိုင်းကျေးရွာနေ အဖ ဦးရှမ်း၊ အမိ ဒေါ်သိန်းရင်တို့၏သမီး မကြူကြူမာ ၅/စကန(နိုင်)၁၉၂၀၉၂ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၉၈၀ ပြည့်နှစ်၊ မတ်လ ၂၂ ရက် (၂၂-၃-၁၉၈၀) ဖြစ်ပါကြောင်း။ **မကြူကြူမာ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/49965 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ စောခွန်ရစ်လမ်း၊ မြေကွက်အမှတ် (၅၉၅/က)၊ ဦးသိန်းစိုး (CO-033925) ၁၂/လမန(နိုင်)၀၉၄၃၆၈ အမည်ပေါက် မြေချ(ပါမစ်) ၏ အကျယ်အဝန်းပေ (၄၀ x ၆၀) အနက်မှ အကျယ်အဝန်းပေ (၂၀ x ၆၀) မြေကွက်နှင့် ၎င်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းလွင် ၁၁/ရဗန(နိုင်)၀၅၂၂၂၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဲမာစိုး ၁၂/သဃက(နိုင်)၁၇၂၃၁၂ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဲမာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းသဇင်အေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၄၅၁၆)**
**အမှတ် (၁၁/၁၈၉)၊ ပျူစောထီးလမ်း၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း- ၀၉-၉၇၁၅၀၇၀၆၃၊ ၀၉-၄၂၆၅၈၇၁၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄ူ)၊ ခေမာသီလမ်း၊ မြေကွက်အမှတ်- (၉) ဟုခေါ်တွင်သောမြေကွက်ပေါ်ရှိ (၃၄ x ၅၄)၊ (၈) ထပ်ရင်ခွဲ (အလယ်ခါတ်လှေကားပါ) ပထမအထပ်၊ (ခြေရင်းဘက်) (ညာ) အကျယ်အဝန်း (၃၄ x ၅၄) ပေ လူနေထိုင်ခွင့် (BCC) ရရှိပြီး၊ ကိုယ်ပိုင်မီတာလျှောက်ထားဆဲ၊ ရေ(စုပေါင်းစနစ်) လူနေခန်းအား ၂၇-၃-၂၀၂၂ ရက်စွဲပါ (၈) ထပ်ရင်ခွဲ (ခါတ်လှေကားပါ) ကန်ထရိုက်ဆောက်လုပ်ခြင်း နှစ်ဦးသဘောတူကတိစာချုပ်အရ လက်ဝယ်ထားပိုင်ဆိုင်သူ ဦးဇော်မင်းထွန်း ၁၂/ဥကမ(နိုင်) ၂၆၃၀၁၂ မှ လူနေတိုက်ခန်းအပေါ် အပြည့်အဝ တာဝန်ယူကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်းဝန်ခံလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစည်သူ ၁၂/ဥကမ(နိုင်)၀၈၁၉၆၄ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ၁၃-၁-၂၀၂၆ ရက်စွဲပါ နှစ်ဦးသဘောတူ ကွန်ဒို လူနေတိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ဖြင့် လူနေတိုက်ခန်းဖိုး အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ယခုအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ဇင်ကို (LLB, D.B.L, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၅၅၇)**
**အမှတ် - ၉/၁၁၊ အခန်း - ၀၀၄ (မြေညီ)၊ ၃၆ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၆၃၀**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၇၁ယ/၁၂၈၄၆, Canda-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းလေး ၉/ပမန(နိုင်)၁၃၆၄၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/70453
Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဆွေမင်း ၁၄/ညတန(နိုင်) ၀၀၂၆၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်**

## အစုရှယ်ယာလွှဲပြောင်းခြင်း၊ အသစ်ထည့်ဝင်ခြင်းနှင့် မတည်ငွေတိုးမြှင့်ခြင်းအား အများပြည်သူသိစေရန်ကြေညာခြင်း

၈-၉-၂၀၂၅ ရက်တွင် ပြုလုပ်သော Khant Thu Walar Microfinance Co,Ltd. ရှယ်ယာရှင်များအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေါ်ဝင့်ရည်မို့မို့ထက်၏ အစုရှယ်ယာမှ ကျပ် (၅)သန်း အား ဒေါ်မီမီကျော်ထံသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဒေါ်မီမီကျော်မှ အစုရှယ်ယာအသစ်ကျပ် (၄၅) သန်း ထည့်ဝင်ခြင်းကြောင့် မတည်ငွေ (၄၅) သန်း ထပ်မံတိုးမြှင့်မည်ကို အတည်ပြုဆုံးဖြတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Khant Thu Walar Microfinance Co,Ltd**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၇/ ရွာထောင် အရှေ့ကွင်း)၊ မြေကွက်အမှတ် (က/၁၅)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိမြေသည် ဒေါ်မြမြဆွေ အမည်ဖြင့် မြေငှားဂရန်စာချုပ်အမှတ် (၂၈၁၇) မြေငှားဂရန် သက်တမ်းမှာ ၁-၁-၁၉၉၅ ရက်မှ ၁-၁-၂၀၂၅ ရက်ထိဖြစ်ကြောင်း၊ အဆိုပါဂရန်မြေကွက်အား ၃၁-၈-၂၀၀၃ ရက်တွင် ဒေါ်မြမြဆွေမှ ဦးချစ်ဆွေသို့ အရပ်ကတိစာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး ၁၈-၈-၂၀၂၅ ရက်တွင် ဦးချစ်ဆွေမှ အဆိုပါ မြေကွက်အားဝယ်ယူ၍ လက်ရှိထားစီမံအကျိုးခံစားနေသည်မှာ မှန်ကန်ပါကြောင်း စစ်ကိုင်းခရိုင်တရားရုံး၌ ကျမ်းကျိန်ဆို၍ ၁၉-၈-၂၀၂၅ ရက်တွင် ဦးချစ်ရွှေ (ဘ) ဦးသီဥာဏ် ၅/စကန(နိုင်)၀၆၇၄၃၀ မှ ဒေါ်ငွေငွေလှိုင် (ဘ)ဦးတင်အေး ၁၂/သဃက(နိုင်)၁၁၇၃၇၄ သို့ မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါဂရန်မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ငွေငွေလှိုင် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆိုယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၅၇၀)၊ ဦးပိုင် (၈၄-က)၊ ရန်မျိုးလုံရပ်၊ ကုလားပျို တောင်ဗလီလမ်းကြား၊ ၃၃x၃၄ ကြား၊ ၇၀x ၇၁ လမ်းကြားရှိ (Rc) (၆)ထပ်တိုက်ရှိ ပထမထပ် အခန်းအမှတ် (A1) နှင့်စပ်လျဉ်း၍ အများသိ စေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်၊ ၃၂(ဘီ)လမ်း၊ ၇၀x၇၁လမ်းကြားနေ ဒေါ်သီတာဝင်း(ခ)ဒေါ်လှလှခိုင် ၉/မထလ(နိုင်)၁၇၈၁၈၂ နှင့် ခေတ္တဘန်ကောက်နေ Hj ဦးအေးမင်း ၁၃/တကန (နိုင်)၂၀၄၂၀၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အထက်ပါတိုက်ခန်းသည် Hj မရှိုသာ(ခ)ဒေါ်ခင်ညွန့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့သည့် တိုက်ခန်းဖြစ်ကြောင်း၊ တိုက်ခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများမှာ သမီးအငယ်ဆုံးဖြစ်သူ ဝဟီသား(ခ)မသန္တာဝင်း လက်ဝယ်ပေးအပ်သိမ်းဆည်းထားစေခဲ့ကြောင်း၊ ၎င်းကွယ်လွန်သွား၍ ကျန်ရစ်ခဲ့သော အထက်ပါတိုက်ခန်းအား ၎င်း၏သားသမီးများဖြစ်ကြသည့် ဒေါ်သီတာဝင်း(ခ)ဒေါ်လှလှခိုင်၊ Hj ဦးအေးမင်းတို့ သိရှိခြင်းမရှိဘဲ အမည်ပြောင်းလဲခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ရောင်းချခြင်း မပြုလုပ်ရန်နှင့် ဒေါ်သီတာဝင်း၊ Hj ဦးအေးမင်း တို့မသိရှိဘဲပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာဝင်း (ခ) ဒေါ်လှလှခိုင် နှင့် Hj ဦးအေးမင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်မာဝင်း(စဥ်-၉၀၉၇) ဦးလွင်နိုင်စိုး(စဉ်-၁၇၆၇၄)**
**(တရားလွှတ်တော်ရှေ့နေများ)**
**ခနိုးရွာ၊ အမရပူရမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၁၂၃၅/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးအောင်မြင့်စိုး (CE-၀၇၂၉၇၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၁၄၅၂/၂၀၂၄)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်လင်းခိုင် (၁၂/တမန (နိုင်) ၀၀၀၃၃၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/12571, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၄/မအပ(နိုင်)၀၃၈၈၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ် မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 82W/97688 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၇/ကကန (နိုင်)၀၄၃၅၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 47W/76115 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိခိုင် ၇/ရတရ(နိုင်)၁၂၃၃၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## အမည်ပြောင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ FORWARD ကိုယ်ပိုင် အထက်တန်းကျောင်း Grade-6 မှ (ဘ) ဦးသန်းဇော်ဦး၏သမီး မဟေသာဦး အား မဆုသဒ္ဒါသို့ ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာ၊ မြို့မရပ်ကွက်နေ ပုဂံမြို့ FORWARDကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 မှ မောင်ဖြိုး ကိုကိုအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးဆွေ ၈/ပခက(နိုင်)၁၅၁၄၁၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရွှေညောင်ပင်ကျေးရွာ (ဘ)ဦးထွန်းသန့်၏သမီး ဒေါ်ထားထားအိ ၇/ကဝန (နိုင်)၁၀၇၇၃၇ ၏ မွေးသက္ကရာဇ် အမှန်မှာ ၈-၄-၁၉၇၉ ဖြစ်ပါကြောင်း။

၈-၄-၁၉၇၉

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ အထက-တပ်နယ်ကျောင်း Grade-10 မှ မနှင်းဝေဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်း ၇/ပခန(နိုင်)၄၀၄၃၃၆ ဖြစ်ပါကြောင်း။

**ဦးမြင့်ထွန်း**

## မော်တော်ဆိုင်ကယ် ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၃၆ယ/၂၈၈၅၅, Honda Wave S-110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၇/ ပခန(နိုင်)၂၅၆၂၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် - ၁
### ကွယ်လွန်သူ ဒေါ်ခင်သူဝင်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၌ နေထိုင်သော ကွယ်လွန်သူ ဒေါ်ခင်သူဝင်း ကျန်ရစ်သည့် အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် (၂၁၂) ဦးပိုင်အမှတ် (၁၂/၁၉) ဧရိယာ ၀ ဒသမ ၀၂၉၃ ဧက အကျယ်အဝန်းရှိ ဦးကျော်မြင့်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဘိုဘိုမက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခင်သူဝင်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဘိုဘိုမ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **( သွယ်နှင်းအိဖေ)**

**ဒုတိယခရိုင်တရားသူကြီး (၁)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့် – ၅၊ နည်းဥပဒေ –၂၀ )
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၀၀

ဦးဝေဖြိုး **နှင့်** ဒေါ်ခင်ချိုမာ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ၅၅ လမ်း၊ ၁၁၄x၁၁၅ လမ်းကြား၊ ဗ-၁၇၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ခင်ချိုမာ (ဘ)ဦးစိန်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝေဖြိုးက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု " လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်( ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ပြည့်ပြည့်သဲခိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး (၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အလက(၃)၊ G-9 မှ မောင်ဝင်းပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော် ၈/မသန (နိုင်)၀၈၂၅၈၇ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးကျော်ဆန်းလင်း-ဒေါ်သန်းမိုးခိုင်၏သား အမှတ် (၅) အခြေခံပညာမူလတန်းကျောင်း၊ သဃ်န်းကျွန်းမြို့နယ်တွင် ပညာသင်ကြားနေသော Grade-5 မောင်ထွန်းထွန်းကျော်အား မောင်အောင်စိုးနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်စိုးနိုင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက် အမှတ် (၆၀၆)၊ ဦးပိုင်အမှတ် (၁၉၇+၁၉၈+၂၀၈) ခဲစင်း၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈) က အမှုတွဲအမှတ် (၄၇၉၀/၂၀၂၅-၂၀၂၆) ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၈၁)၊ ဦးပိုင်အမှတ်(၇၅)၊ ၅၀x၅၁ ကြား၊ ၁၄၁x၁၄၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမင်းကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၃၂/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မေသူကျော် ၉/ခအဇ(နိုင်)၀၃၄၈၈၃ က အမှုတွဲအမှတ် (၄၈၀၇/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ် (နန-၅၄)၊ ဦးပိုင်အမှတ် (၂၉+၃၂)၊ ၅၇(ဘီ)x၅၇(စီ)ကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသိန်းနိုင်ဦး ၅/ယမပ(နိုင်) ၀၂၇၂၅၉ က အမှုတွဲအမှတ် (၄၈၁၃/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၆)၊ ဦးပိုင်အမှတ် (၁၆၈) ခဲစင်း၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အားချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏(ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈ က အမှုတွဲအမှတ် (၄၇၈၈/၂၀၂၅-၂၀၂၆) ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၆)၊ ဦးပိုင်အမှတ် (၁၈၇+၁၉၇+၁၉၈) ခဲစင်း၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏(ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈ က အမှုတွဲအမှတ်(၄၇၈၉/၂၀၂၅-၂၀၂၆) ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသိန်းအောင် ၁၂/ လမန(နိုင်) ၀၅၂၄၄၇ နှင့် ဇနီးဖြစ်သူ ဒေါ်ခင်ချိုချိုလင်း ၁၂/ဗဟန (နိုင်) ၀၂၅၃၀၉) တို့၏ သားဖြစ်သူ မောင်အာကာအုပ်စိုး ၁၂/ဗဟန (နိုင်) ၁၀၉၉၆၈) သည် မိဘတို့၏ ဆုံးမပြောဆိုမှုကို နာခံမှုမရှိသဖြင့် ယနေ့မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်ဆက်နွယ်သောကိစ္စရပ်များ အားလုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးမြင့် တရားလွှတ်တော်ရှေ့နေ (၆၀၆၅/၉၄)**
**အမှတ် (၈၃)၊ အခန်း (၁၁) ၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း -၀၉ ၅၁၆၇၂၃၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/32084 Honda Wave 110 Motor Cycle ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းရှဲန်ကျင် ၁၃/ကတန(နိုင်)၁၅၇၃၆၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/2328 ယာဉ်လက်ဝယ်ရှိသူ Oriental Highway Co.,Ltd မှတ်ပုံတင်အမှတ် 109316016 က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (လ-၁)၊ ဦးပိုင်အမှတ် (၅၇)၊ ၇၄x၇၅ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်ငွေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၅၉/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးမြင့်အောင် ၁၃/လရန(ဧည့်)၀၀၀၆၀၈ က အမှုတွဲအမှတ် (၄၇၈၅/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/4669 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/5976 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ကွင်း/အကွက်အမှတ် (၁၄-က/နန္ဒဝန်)၊ ဦးပိုင်အမှတ် (၃၃-င)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဗိုလ်မင်းထွန်းမှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/8269 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် (မ-၂/ပဒေသာ)၊ ဦးပိုင်အမှတ် (၈၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်မြင့်သန်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည် ။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၈၂၀၇၀ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်း ၁၀/မလမ(နိုင်)၂၆၀၇၇၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၆၆၈၅၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖေရေဒါ ဘေဝွန် ၁၀/ကမရ(နိုင်)၂၀၉၈၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၈၂၀၈ ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံဟိန်း ၁၀/မလမ(နိုင်)၃၂၁၁၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/9347, Faw CA 1020k 3E-4, Pick Up ယာဉ် လက်ဝယ်ရှိသူ ဦးဇေယျာညွန့် ၁၄/ဟကက (နိုင်)၀၀၂၀၅၃ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ် (၃၃) ရေပုန်းကွင်း၊ ဦးပိုင်အမှတ် (၂၁/ခ)၊ မြေဧရိယာ (၂ ဒသမ ၅၃၀) ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၇၃/၂၀၁၄-၂၀၁၅ အရ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် အမည်ဖြင့် ရရှိခဲ့သည့် မြေဧရိယာအနက် ဦးပိုင်အမှတ် (၂၁/ခ/ခ)၊ (ခ) အမှတ်ပြမြေဧရိယာ (၂ ဒသမ ၁၈၄) ဧကသည် (၂၃-၁၀-၂၀၂၄) ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(ကိုယ်စား) ဦးသက်စိုး ၆/မအရ(နိုင်)၀၃၉၄၈၆၊ မန်နေဂျင်းဒါရိုက်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/07849, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်သက်မာ ၁၄/ပဟတ (နိုင်) ၁၃၅၁၂၂ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ် ၃၉(စ)၊ ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ် (၁၉၇)၊ မြေဧရိယာ (၀ ဒသမ ၀၅၃) ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၂၃၇/၁၉၉၇-၁၉၉၈ (စီမံချက်)အရ ဦးဝင်းကိုကို၊ ဒေါ်မြတ်မြတ်စံ အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၅၅/၂၀၂၅)ဖြင့် ဒေါ်မေချိုချိုဝါမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မေချိုချိုဝါ ၆/မမန(နိုင်)၁၄၅၂၅၉၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ် (၃၃) ရေပုန်းကွင်း၊ ဦးပိုင်အမှတ် (၂၁/ခ)၊ မြေဧရိယာ (၂ ဒသမ ၅၃၀) ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၇၃/၂၀၁၄-၂၀၁၅ အရ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်အမည်ဖြင့် ရရှိခဲ့သည့် မြေဧရိယာအနက် ဦးပိုင်အမှတ် (၂၁/ခ/ခ)၊ (က)အမှတ်ပြမြေဧရိယာ (၀ ဒသမ ၃၄၆) ဧကအား မြိတ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် (ကိုယ်စား) ဘဏ္ဍာရေးမှူး ဦးအင်ဟိုထံမှ အရောင်းအဝယ်စာချုပ် အမှတ် (၄၁/၂၀၂၂) ဖြင့် ဒေါ်အေးအေးမူမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၂၃-၁၀-၂၀၂၄) ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး ဒေါ်အေးအေးမူ ၆/ထဝန(နိုင်)၀၂၅၈၆၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၁၇၁

| | | |
|---|---|---|
| ဦးကြည်ထွန်း | နှင့် | ဒေါ်အေးအေးသွင်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းဝင်းနိုင်) |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှု အမှတ် ၇၆၈/၂၀၂၄၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်စွဲပါအမိန့်ကို ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇) ရပ်ကွက်၊ ဦးလွန်းမောင်လမ်း၊ အမှတ်-၉ (ယခုနေရပ်လိပ်စာမသိ) လျှောက်ထားခံရသူ ဒေါ်အေးအေးသွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းဝင်းနိုင်) သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးမျိုးဝင်းက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာ ရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မေလတ်)
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ် (၂၇) ရွာသစ်ကွင်း၊ ဦးပိုင်အမှတ် (၈၀/၁၄၂)၊ မြေဧရိယာ (၀ ဒသမ ၀၄၀) ဧကအား ပြည်တွင်းအခွန်ဦးစီးဌာနအမှုတွဲအမှတ် ၂၂/၁၉၇၈-၁၉၇၉ အရ ဦးချစ်ထုံး အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ ကွယ်လွန်ခဲ့သဖြင့် သားသမီးများဖြစ်သည့် ဦးမောင်လွမ်းပါ (၇) ဦးတို့မှ ပိုင်ဆိုင်ကြောင်း မွက်ဟကြေညာသည့် စာချုပ်အမှတ် (၁၄၄/၂၀၂၄) ဖြင့် မွက်ဟကြေညာခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား မြေငှားဂရန် (မိတ္တူမှန်) လျှောက်ထားနိုင်ရေး ဦးတင်မြင့် ၆/ကသန (နိုင်)၀၀၆၂၉၇ ပါ (၇) ဦး တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၆၁)၊ ဦးပိုင်အမှတ် (၄၇)၊ ၁၂၃ လမ်း၊ ၅၂(A)x(၅၂)(B) လမ်းကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဒေါ်ခင်မျိုးစု ၉/မရတ(နိုင်) ၁၀၇၁၂၅ က အမှုတွဲအမှတ် (၄၈၀၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခဓ-၂၁)၊ ဦးပိုင်အမှတ်(၂)၊ ၆၇x၆၈ ကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဆွေ ၉/အမရ(နိုင်)၀၇၂၅၂၁ က အမှုတွဲအမှတ် (၄၈၀၁/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၁၆-က)၊ ဦးပိုင်အမှတ် (၃၅)၊ ၇၄လမ်းနှင့် ရန်-မန်းလမ်းကြား/ မင်္ဂလာလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိုက်ဒင် ၉/မရမ(နိုင်)၀၂၉၉၈၂ က အမှုတွဲအမှတ် (၄၈၀၂/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မ အရှေ့ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၁၂၇၄) ကိုအမည်ပေါက် ဒေါ်သန်းငွေး (ဘ)ဦးဖေချစ် ၁၀/မလမ(နိုင်)၀၁၇၀၅၃ မှ ဒေါ်ဖြူဖြူစိန် (ဘ)ဦးစိန်ဘ ၁/မကတ(နိုင်)၀၁၄၁၇၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၃၉၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးဇေယျာလှိုင် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၁၉/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်သန်း ၁၂/သလန(နိုင်)၀၂၇၅၃၇ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးဇာနည်အောင်(ဘ)ဦးသန်းနိုင်စိုး ၁၂/လသယ(နိုင်) ၀၄၄၀၇၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ မြေကွက်အမှတ် (၁၂၆၇)၊ မြရတနာလမ်း၊ မြေကွက်အကျယ်အဝန်းပေ (၄၀x ၆၀) အနက်မှ မြေကွက်အမှတ် (၁၂၆၆) မြေကွက်နှင့် ကပ်လျက် (၁၀ ပေ x ပေ ၆၀) ရှိ ဂရန်မြေကွက်နှင့် Steel Structure နှစ်ထပ်အုတ်ညှပ် (၂)ထပ်တိုက်အိမ်၊ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုလက်ရှိ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးသန်းဇော် (၁၂/တမန(နိုင်)၀၀၅၅၅၂) ထံမှ ကျွန်ုပ်မိတ်ဆွေဦးမင်းမင်းထိုက် (၇/ဒဥန(နိုင်)၁၁၆၅၃၅) က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့် (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၁၇)**
**အမှတ် (၇)၊ မြေညီ (အေ)၊ ဣန္ဒာသယလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၃၁၁၀၀၅၁, ၀၉-၄၄၇၈၅၃၃၀၉**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/81461, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်သီရိနိုင် ၁၄/ဝခမ(နိုင်) ၂၄၆၈၃၄ က ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထား လာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/66336, SUZUKI SMASH 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသိန်းဦး ၅/အရတ(နိုင်)၀၇၅၇၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/78861 Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းလှိုင် ၉/မကန(နိုင်) ၀၉၈၆၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/57412 Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်မြ ၉/မရတ(နိုင်) ၀၁၁၆၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

❖ သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို လက်ငင်းခံစား၍ မရနိုင်သော်လည်း နောင် ၇ နှစ်၊ ၈ နှစ်ခန့်တွင် ခံစားရမည်ဖြစ်...
❖ မိမိတို့အနေဖြင့်လည်း ယခင်က စိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားရခြင်းဖြစ်...
❖ မိမိတို့၏ လာမည့်သားစဉ်မြေးဆက်ကိုလည်း ထိုသို့ခံစားရစေလိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် အပူပိုင်းဒေသ (၁၃)ခရိုင်အတွင်း ၂၀၂၅ ခုနှစ်၊ မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် မိတ္ထီလာခရိုင်၊ လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ ပြုလုပ်သော သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြောကြားသောအမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက မိုးကုတ် - သပိတ်ကျင်းလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အုန်ဒန်ကျေးရွာ၊ ကင်းကျေးရွာနှင့် ရန်သူ့စခန်းတစ်ခုတို့အား ဆက်လက်သိမ်းပိုက်ရရှိ



တပ်မတော်စစ်ကြောင်းများက မိုးကုတ်မြို့နယ် ကင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား ပြန်လည်ထိန်းချုပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

တပ်မတော်စစ်ကြောင်းများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်များအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး မန္တလေး – မတ္တရာ – စဉ့်ကူး – သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းအား အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးခဲ့သည့် သတင်းအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင်လည်းကောင်း၊ သပိတ်ကျင်း–မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်း တစ်လျှောက်ရှိ ညောင်ပင်သာကျေးရွာ၊ ပိုးဇာနွယ်ကျေးရွာ၊ ကျောက်လှည်းဘီးကျေးရွာ၊ နယ်မြေခံတပ်ရင်း၌ာနချုပ်နှင့် စိန်ကုန်းကျေးရွာတစ်ဝိုက်တို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် သတင်းအား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင်လည်းကောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ သပိတ်ကျင်း–မိုးကုတ်လမ်းကြောင်းပေါ်ရှိ စိန်ကုန်းကျေးရွာနှင့် မိုးကုတ်မြို့အကြား

စာမျက်နှာ ၁၇ ကော်လံ ၁ ❖

## အာဆင်နယ်က ချယ်ဆီးကို အနိုင်ယူပြီး အီးအက်ဖ်အယ်ဖလား ဖိုလ်လုပွဲတက်လှမ်းရေး အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့

အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ချယ်ဆီးနှင့် အာဆင်နယ်အသင်းပွဲစဉ်ကို ဇန်နဝါရီ ၁၅ ရက် နံနက် ၂ နာရီခွဲက စတန်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဖိုလ်လုပွဲတက်ရေး အခွင့်အရေးပိုင်ဆိုင်ခဲ့သည်။ စာမျက်နှာ ၂၀ ကော်လံ ၁ ○



အာဆင်နယ်အသင်းအတွက် တတိယဂိုးကို ဇူဘီမန်ဒီ သွင်းယူစဉ်။

## သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင် ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊

စာမျက်နှာ ၂၀ ကော်လံ ၁ ◆



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကိုချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို တွေ့ရစဉ်။

ယနေ့ သတင်းအညွှန်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်

ပြည်တွင်းသတင်း စာ ၁၀